မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
အတွဲ (၅၂)
အမှတ် (၁၇၇)
Established in 1914
Myanma Alinn Daily
၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်နေ့
၂၀၁၃ ခုနှစ်၊ မတ် ၂၆ ရက်၊ အင်္ဂါနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၁၃ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး မဖြစ်မနေဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချ ကြုံတွေ့လာမည့် အခက်အခဲများကိုအောင်မြင်အောင် ကျော်လွှားဆောင်ရွက်သွားမည်

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးနှင့်အတူ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Ashok Nigam လည်း တက်ရောက်သည်။

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတက မိတ္ထီလာကိစ္စသည် အရောင်းအဝယ်ကိစ္စတစ်ခုအပေါ်တွင် မကျေမလည်ဖြစ်ရာမှ ဥပဒေအရဆောင်ရွက်သည့်ကိစ္စကို မျက်ကွယ်ပြုပြီး လူအုပ်စုဖွဲ့ကာ အကြမ်းဖက်ခဲ့သဖြင့် ယခုကဲ့သို့ ဖြစ်ပွားခဲ့ရခြင်းဖြစ်ပါကြောင်း၊ ပဋိပက္ခကြောင့် ဘေးဒုက္ခရောက်ကြရသူများအား အစားအစာများ၊ ဆေးဝါးများ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ဆူပူအကြမ်းဖက်မှုကို ဦးဆောင်သူ၊ ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးပြီး တရားဥပဒေအရ အမြန်ဆုံး အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မှုခင်းဖြစ်စဉ်တစ်ခုအပေါ်တွင် ဘာသာရေးအရောင်ဆိုး၍ အခြားမြို့ရွာများသို့ကူးစက်အောင် ဆောင်ရွက်နေသူများအား ဖော်ထုတ်အရေးယူသွားမည်ဖြစ်ပါကြောင်း၊ ဒုက္ခသည်များအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း အမြန်ဆုံး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်အနေဖြင့် ဖြစ်စဉ်ဖြစ်ပွားရာနေရာအထိ အပင်ပန်းခံသွားရောက်၍ ပကတိအခြေအနေမှန်ကို သိရအောင် ဆောင်ရွက်မှုကိုလည်း ကျေးဇူးတင်ပါကြောင်းဖြင့် ပြောကြားသည်။

မစ္စတာ ဗီဂျေနမ်ဘီးယားက မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတကာမျှော်လင့်ချက်ဖြင့် အပြိုင်အဆိုင်စိတ်ဝင်စားနေကြပါကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ယှဉ်ပြိုင်မှု၊ ရန်လိုမှုများလည်း ပေါ်ပေါက်နိုင်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများက တည်ငြိမ်အေးချမ်းအောင် ကြိုးပမ်းဆောင်ရွက်နေသည်များကိုလည်း သိပါကြောင်း၊ ပြန်လည်တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ရာတွင် အစိုးရတစ်ခုတည်း ဆောင်ရွက်၍မရပါကြောင်း၊ ပြည်သူများ၏ အခန်းကဏ္ဍလည်း များစွာအရေးကြီးပါကြောင်း၊ ဘာသာရေးခေါင်းဆောင်များအနေဖြင့် အများပြည်သူသဘောပေါက်နားလည်အောင်

စာမျက်နှာ ၅ ကော်လံ ၁ ▲

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး မစ္စတာ ဗီဂျေနမ်ဘီးယား အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မူလတန်းကျောင်းသား ကျောင်းသူများအား သုံးနှစ်ဆက်တိုက် နွားနို့တိုက်ကျွေးမည်

မောင်သစ္စာ-ရေးသည်

နေပြည်တော် မတ် ၂၅

မြန်မာနိုင်ငံတွင် မျိုးဆက်သစ်လူငယ်များ ကိုယ်ခန္ဓာဖွံ့ဖြိုးရေး၊ ဉာဏ်ရည်ဖွံ့ဖြိုးရေးနှင့် ကျောင်းတက်မှန်ရေးတို့ကို အထောက်အကူဖြစ်စေရန်အတွက် မူလတန်းကျောင်းသားကျောင်းသူများအား သုံးနှစ်ဆက်တိုက် နွားနို့တိုက်ကျွေးရန် စီစဉ်နေပြီ ဖြစ်သည်။

ထိုသို့ နွားနို့နေ့စဉ်တိုက်ကျွေးမည့် အစီအစဉ်ကို ဆွီဒင်နိုင်ငံအခြေစိုက် ကုမ္ပဏီတစ်ခု၏ ကူညီမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။ မူလတန်းကျောင်းသား ကျောင်းသူများအား နွားနို့ နေ့စဉ်တိုက်ကျွေးမှုကို၂၀၁၃-၂၀၁၄ ခုနှစ် ပညာသင်နှစ်မှ စတင်ကာ ဆောင်ရွက်ရန် စီစဉ်ထားသည်။

သုံးနှစ်ဆက်တိုက်နွားနို့တိုက်ကျွေးမည့် အစီအစဉ်တွင် မူလတန်းကျောင်းသားကျောင်းသူ ၄၀၀၀၀ ခန့်တို့အား တိုက်ကျွေးရန် စီစဉ်ထားသည်။ အဆိုပါ မူလတန်းကျောင်းသားကျောင်းသူများမှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့မှ ဖြစ်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ◆

၂၀၁၃ ခုနှစ် (၆၈)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကျင်းပပုံတိုက်ရိုက်လွှင့်မည်

၂၀၁၃ ခုနှစ် (၆၈)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကျင်းပပုံနှင့် စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းများ ချီတက်စစ်ရေးပြကြပုံများကို မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်၊ နေပြည်တော် မြန်မာ့အသံနှင့် မြဝတီရုပ်မြင်သံကြားတို့မှ မတ် ၂၇ ရက် နံနက် ၅ နာရီခွဲမှစပြီး အခမ်းအနားကျင်းပရာ နေပြည်တော်စစ်ရေးပြကွင်းကြီးမှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ယနေ့ မာတိကာ
တစ်ဦးနှင့်တစ်ဦး မေတ္တာမပျက် ချစ်ခင်လျက် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ကရုဏာပွားများခြင်းတို့ဖြင့် ရေးကပင်တည်ရှိခဲ့သည့် ကောင်းမြတ်သော အစဉ်အလာတစ်ရပ်ကို ဆက်လက်ကျင့်ကြံအားထုတ်သွားကြရမည် (ခေါင်းကြီး) စာ - ၂
သေမင်းခံတွင်းမှ လက်မတင်လေး လွတ်မြောက်ခဲ့သော ကိုးနှစ်သမီးငယ် စာ - ၄
အပူဒဏ် အန်တုနိုင်ပါစေ (ဆောင်းပါး) စာ - ၆
တောင်ယာမီးရှို့မှုကြောင့် လေကြောင်းသွားလာမှု ထိခိုက် စာ - ၁၁
မလေးရှား အိုးပင်းဂေါက်ရိုက်ပြိုင်ပွဲ ထိုင်းဂေါက်သီးသမား ဗိုလ်စွဲ စာ - ၁၄

Ph : 705183, 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838,057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ထူးမြတ်သည့် အခါသမယ မေတ္တာတရားများပွားများ

မြန်မာ့ဆယ့်နှစ်လရာသီတွင် တပေါင်းလသည် တစ်ဆယ့်နှစ်လမြောက်ဖြစ်သည်။ တပေါင်းလနှင့်စပ်လျဉ်းပြီး ရှေးစာဆိုပညာရှင်များသည် တပေါင်းလ သာယာလှပပုံကို အမျိုးမျိုးရေးစပ်သီကုံးချီးကျူးဖွဲ့ဆိုခဲ့ကြသည်။ တပေါင်းလသည် ခါနွေဆန်းစကာလလည်းဖြစ်၍ “လေခမြေသက်၊ ချာန်ဝိတက်သို့၊ သစ်ရွက်ရော်ယီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသား”ဟု ရှင်ဥတ္တမကျော်က တောလားကဗျာ၌ ချီးကျူးဖွဲ့ထားဆိုသည်။

သာသနာအလိုအားဖြင့် တပေါင်းလပြည့်နေ့ကို ဗုဒ္ဓမြတ်စွာပြည်တော်ဝင်အခါတော်နေ့အဖြစ် သတ်မှတ်ကျင်းပကြသည်။ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး၍ အင်္ဂတိုင်းနှင့် မာဂဓတိုင်းတို့မှ ဒါယကာ ဒါယိကာမများအား တရားရေအေး အမြိုက်ဆေး တိုက်ကျွေးလျက်ရှိသည်။ ဤသတင်းကိုကြားသိသော ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် ခေါင်းဆောင်အမတ်ကြီးဆယ်ဦးကို နောက်ပါ အခြံအရံ တစ်ထောင်စီဖြင့် ၁၀ ကြိမ်ခဲ့ကာ ရာဇဂြိုဟ်သို့ ဘုရားပင့်ရန် စေလွှတ်တော်မူခဲ့သည်။ ဘုရား၏တရားတော်ကို နာရ၍ အမတ်များအားလုံး ရဟန္တာဖြစ်သွားကုန်ကြသည်။

နောက်ဆုံးအသုတ်တွင် ကာဠုဒါယီအမတ်ကြီး ဦးဆောင်သွားရပြီး ဘုရားတရားတော်နာရ၍ ရဟန္တာဖြစ်ပြီးနောက် ကာဠုဒါယီမထေရ်က တပေါင်းလအခါသမယခရီး၏ သာယာပုံနှင့် ကပိလဝတ်နေပြည်တော်သို့ ကြွသင့်ကြောင်းကို ဂါထာပေါင်း ၆၄ ဂါထာဖြင့် သီကုံး၍ ခမည်းတော်၏ကျေးဇူးကို သိသောအားဖြင့် ဖွားရာဇာတိ ကပိလဝတ်နေပြည်တော်သို့ ကြွချိန်တန်ပြီဖြစ်ကြောင်း လျှောက်ထားလေသည်။ ထိုနေ့မှာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်နေ့ဖြစ်သည်။

တပေါင်းလပြည့်ကျော် ၁ ရက်နေ့၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ တစ်ရက်လျှင် တစ်ယူဇနာခရီးဖြင့် ရက်ပေါင်း ၆၀ ဒေသစာရီကြွချီတော်မူခဲ့သည်။

ပြည်သူအများသည် တပေါင်းလပြည့်နေ့တွင် စေတီပုထိုးများ၌ ဗုဒ္ဓပူဇနိယပွဲတော်များကျင်းပကြသည်။ ပဋ္ဌာန်းတရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဆွမ်းဆန်တော်လောင်းလှူခြင်း၊ သံဃာတော်များအား ဆွမ်း၊ ခဲဖွယ်များ ဆက်ကပ်ခြင်းတို့ကို မြန်မာဗုဒ္ဓဘာသာဝင်အားလုံး ရိုးရာမပျက် အစဉ်အမြဲ ကျင်းပလာခဲ့သည်မှာ ယနေ့အထိတိုင်ဖြစ်သည်။

သာယာချမ်းမြေ့ ထူးမြတ်လှသည့် တပေါင်းလပြည့်နေ့အခါသမယတွင် ပြည်သူအပေါင်းသည် တရားဘာဝနာများပွားများပြီး ကုသိုလ်ကောင်းမှုပြု၍ တစ်ဦးနှင့်တစ်ဦး မေတ္တာမပျက် ချစ်ခင်လျက် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ကရုဏာပွားများခြင်းတို့ဖြင့် ရှေးကပင်တည်ရှိခဲ့သည့် ကောင်းမြတ်သော အစဉ်အလာတစ်ရပ်ကို ဆက်လက်ကျင့်ကြံအားထုတ်သွားကြရမည် ဖြစ်ပါကြောင်း။ ။

နေပြည်တော် တပ်ကုန်းမြို့နယ်၌ ငါးသားပေါက်ပညာပေး

တပ်ကုန်း မတ် ၂၅

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုဘဝမြှင့်တင်ရေးအတွက် ရွှေဝါငါးကြင်း ငါးသားပေါက် ပညာပေးလုပ်ငန်းအစီအစဉ်ကို မတ် ၁၆ ရက် နံနက် ၈ နာရီခွဲက တပ်ကုန်းမြို့နယ် သမဝါယမဦးစီးဌာန၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တပ်ကုန်းမြို့နယ်ရှိ တစ်ပိုင်တစ်နိုင် ရွှေဝါငါးကြင်း မွေးမြူရန် ဆန္ဒရှိသူ ၁၆ ဦးကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းက လက်တွေ့သရုပ်ပြရှင်းလင်းဆွေးနွေးခဲ့ပြီး ငါးသားပေါက်များကို မြို့နယ်သမဝါယမဦးစီးဌာန ငါးသားပေါက်ကန်မှ အခမဲ့ဖြန့်ဖြူးပေးသွားမည့်အကြောင်း မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသန့်ဇင်က ဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် သ/မ)

ပြည်တွင်းသတင်း

ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပရေး တတိယအကြိမ်လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး၏ မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပရေး နာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ၁၃၇၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းလျက် အနှစ်သာရရှိရှိဖြင့် ယခင်နှစ်များကထက် စည်ကားသိုက်မြိုက်စွာ ကျင်းပရန်၊ ဖွဲ့စည်းထားသော ဆပ်ကော်မတီများအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို လစ်ဟာမှုမရှိ ဆောင်ရွက်သွားရန်၊ မဏ္ဍပ်ကြီးများကို နေရာချထားပေးပြီးပါက တာဝန်ခံများအား သတ်မှတ်စည်းကမ်းများနှင့်အညီ လိုက်နာစေရေး ကြီးကြပ်ဆောင်ရွက်သွားရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းသော ရိုးရာသင်္ကြန်ဖြစ်စေရေး တာဝန်ရှိသူများက အလေးထားဆောင်ရွက်သွားရန်နှင့် ပွဲတော်ကာလတွင် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ၊ ဆပ်ကော်မတီ အသီးသီးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မဏ္ဍပ်ဆောက်လုပ်ရေးကော်မတီများမှ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများက မိမိတို့ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထင်သာမြင်သာ မြုပြင်စရာ

ကမ္ဘာလှည့် ဂျာမနီ လူငယ် လေးများနှင့် မြန်မာဝတ်စုံ

မြန်မာနိုင်ငံသို့ နိုင်ငံ ပေါင်းစုံမှ ရောက်ရှိ လာကြသော ကမ္ဘာ့လှည့် ခရီးသည်များသည် တိုင်းဒေသကြီးများအလိုက် တန်ခိုးကြီးဘုရား၊ ကျောင်း၊ ကန်၊ စီးပွားရေးလုပ်ငန်း၊ ရိုးရာယဉ်ကျေးမှု အစရှိသည်တို့ကို အထူးစိတ်ဝင်စားစွာ လေ့လာရန် ရောက်ရှိလာလေ့ရှိကြသည်။ မကြာမီက ပုသိမ်မြို့သို့ရောက်ရှိလာကြသော ဂျာမနီနိုင်ငံမှ လူငယ်အမျိုးသားကလေးများသည် မြန်မာဝတ်စုံ ပုဆိုး၊ လုံချည်များ ဝတ်ဆင်ကြပြီး ရွှေမုဋ္ဌောဘုရားသို့ တက်ရောက်ဖူးမြော်ကြည်ညိုပြီးမှ ချောင်းသာ၊ ငွေဆောင်ကမ်းခြေများသို့ အပန်းဖြေလေ့လာရေးခရီး သွားရောက်မည်ဟု နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြသည်။ နိုင်ငံခြားသားများပင်ဖြစ်သော်လည်း မြန်မာရိုးရာဝတ်စုံများကိုခံ့မင်စွာဖြင့် အမြတ်တနိုး ဝတ်ဆင်ကြသည်ကိုဖတ်ရှုပြီး ငယ်ရွယ်သူ မြန်မာအမျိုးသား၊ အမျိုးသမီးများ မိမိရိုးရာဝတ်စုံကို အမြတ်တနိုး ဝတ်ဆင်နိုင်ကြစေရန် ထင်သာမြင်သာကဏ္ဍမှ ရေးသားတင်ပြလိုက်ရပါသည်။

(ပုသိမ်-လှကြည်)

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်သွားလာနေသော ယာဉ်မောင်းများ သတိပြုလိုက်နာကြစေရန်

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်ခြင်း မပြုကြရန် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ဘေးဝဲ/ယာတစ်လျှောက်၌ သတိပေးဆိုင်းဘုတ်များ၊ ပညာပေးဆိုင်းဘုတ်များစိုက်ထူ၍ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် လက်ကမ်းပညာပေးစာစောင်များ ဖြန့်ဝေပေး၍ ယာဉ်မောင်းများအား သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာစေပြီး ယာဉ်တိမ်းမှောက်မှုများ နည်းပါးရေးနှင့် ထိခိုက်သေဆုံးမှု လျော့နည်းစေရေးအတွက်လည်း ပညာပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသော်လည်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်နေသောယာဉ်များကြောင့် ယာဉ်များတိမ်းမှောက်၍ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပွားလျက်ရှိနေဆဲဖြစ်ပါသည်။ သို့ဖြစ်၍ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော ယာဉ်များအား သတ်မှတ်ထားသော အမြန်နှုန်းအတွင်း ထိန်းချုပ်မောင်းနှင်လာစေရေးအတွက် အရှိန်ထိန်းတိုင်းကိရိယာ Redflex Traffic System (Myanmar Mobile Traffic Rader System) အသုံးပြု တပ်ဆင်ထိန်းချုပ်သွားမည်ဖြစ်ကြောင်းနှင့် သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်ပါက ဥပဒေနှင့်အညီ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှစ၍ စစ်ဆေးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အမြန်လမ်းမကြီးရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

မြန်မာအကယ်ဒမီလေကြောင်းမှ သင်တန်းပြီးဆုံးပါက အလုပ်အကိုင် ခုနစ်နှစ်အထိရရန် အာမခံ

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံတွင် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ အသိအမှတ်ပြု မြို့ပြလေကြောင်း လေယာဉ်မောင်းသင်ကျောင်း မြန်မာလေကြောင်းအကယ်ဒမီ Myanmar Aviation Academy မှ မွေးထုတ်လိုက်သော လေယာဉ်မှူး၊ တွဲဖက်လေယာဉ်မှူး သင်တန်းကျောင်းဆင်းများအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိရန် သေချာကြောင်း၊ အနည်းဆုံးသင်တန်းဆင်းပြီး ခုနစ်နှစ်ကြာအထိ အလုပ်အကိုင်ရရှိရန် အာမခံကြောင်း မြန်မာလေကြောင်းအကယ်ဒမီဥက္ကဋ္ဌ ဦးကြည်ဝင်းက မတ် ၂၂ ရက် နံနက်က ရန်ကုန်မြို့ ဆိဒိုးနားဟိုတယ်တွင် ပြုလုပ်သည့် မြို့ပြလေကြောင်း လေယာဉ်မောင်းသင်ကျောင်းသို့ တက်ရောက်ခွင့်ပြုမည့် လူငယ်မောင်မယ်များအတွက် ထူးဖောင်ဒေးရှင်း၏ Scholarship Program ရှင်းလင်းပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

ထူးဖောင်ဒေးရှင်းက မြန်မာလေကြောင်း အကယ်ဒမီသို့ တက်ရောက်မည့် သင်တန်းသားသင်တန်းသူများအတွက် အပတ်စဉ်သင်တန်းတစ်ခုလျှင် သင်တန်းသား ပညာတော်သင် ၁၀ ဦး၏ ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ခြောက်သိန်းကို သုံးနှစ်ဆက်တိုက် တာဝန်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် နိုင်ငံတကာ စည်းမျဉ်း စည်းကမ်းနှင့်အညီ သင်တန်းသား ၂၄ ဦးသာ လက်ခံမည်ဖြစ်ပြီး Diamond Aircraft DA-40 NG လေယာဉ်သုံးစင်းဖြင့် နိုင်ငံတကာ အတွေ့အကြုံရှိ မြန်မာသင်တန်းဆရာလေးဦးနှင့် နိုင်ငံခြားသားဆရာ သုံးဦးတို့ဖြင့် လ ၂၀ မှ ၂၄ လကြာအထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းနောက် စာနယ်ဇင်းများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ရှင်းလင်းပွဲအခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ စိတ်ပါဝင်စားသည့် လူငယ်မောင်မယ်များ တက်ရောက်ကြသည်။

ဇော်ထွန်း

မြန်ပြည်တစ်လွှား မီးမပွားရေး တားဆီးပေး

ရန်ကုန်ရုံးချုပ် –(S-15)၊ ဦးချစ်မောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း - 01-554010, 401208, မန္တလေး - 02-64696, နေပြည်တော်- 09 73036606, 09 8617471, တောင်ကြီး - 054-24505

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ထိုင်းနိုင်ငံအောက်လွှတ်တော်မှ ဒုတိယအတွင်းဝန်ချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၂၅

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ထိုင်းနိုင်ငံ အောက်လွှတ်တော်မှ ဒုတိယအတွင်းဝန်ချုပ် Mr. Charae Panpruang ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် ကော်မတီဆောင် အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာလွှတ်တော်နှင့် ထိုင်းနိုင်ငံ လွှတ်တော်နှစ်ရပ်အကြား ဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော် စာကြည့်တိုက်နှင့် ပတ်သက်သည့် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ဦးအောင်ဆန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင် ဦးညွန့်လှိုင်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ထိုင်းနိုင်ငံ အောက်လွှတ်တော်မှ ဒုတိယအတွင်းဝန်ချုပ် **Mr. Charae Panpruang** ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနှင့်ကုလသမဂ္ဂအဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်မှုများဆွေးနွေး

နေပြည်တော် မတ် ၂၅

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာဗီဂျေနမ်ဘီးယားသည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယနေ့နံနက် ၈ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်မှုကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၁၃ ခုနှစ် မတ် ၂၆ ရက်တွင်ကျရောက်သော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဒီပူမိုနီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

လွတ်လပ်သောပုဂ္ဂလိကသတင်းစာများ ထပ်မံစိစစ်ခွင့်ပြုပေး

နေပြည်တော် မတ် ၂၅

ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် ဖြန့်ချိရေးလုပ်ငန်းများကြီးကြပ်မှု ဗဟိုအဖွဲ့အစည်းအဝေး (၃/၂၀၁၃) ကို မတ် ၂၅ ရက် နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ကျင်းပရာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ပြီး ပုဂ္ဂလိကပိုင်နေ့စဉ် သတင်းစာလျှောက်ထားမှုများအား စိစစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုဂ္ဂလိက နေ့စဉ် သတင်းစာများအား ၁-၄-၂၀၁၃ ရက်မှစ၍ ထုတ်ဝေခွင့်ပြုနိုင်ရေး အတွက် အဆိုပြုလျှောက်လွှာများကို ၁-၂-၂၀၁၃ ရက်မှစ၍ လျှောက်ထားနိုင်ကြောင်း နေ့စဉ်ထုတ် သတင်းစာများမှ ကြေညာချက်ထုတ်ပြန်ခေါ်ယူခဲ့သည်။ ၂၈-၂-၂၀၁၃ ရက်အထိ လျှောက်လွှာ(၁၇)စောင်အနက် (၁၄)စောင်အား စိစစ်ခဲ့ပြီး သတ်မှတ်ချက်များနှင့်ပြည့်စုံသော (၈)စောင်အား တည်ဆဲဥပဒေဖြစ်သည့် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေပုဒ်မ ၈(၁) အရ ၁-၄-၂၀၁၃ ရက်မှစ၍ ယာယီထုတ်ဝေခွင့်ပြုခဲ့သည်။ ကျန်(၆) စောင်အား လိုအပ်ချက်များရှိသဖြင့် ပြန်လည်ပြင်ဆင်လျှောက်ထားရန် ဆက်သွယ်အကြောင်းကြားခဲ့ကြောင်း သိရသည်။

ယခုအခါ ၂၂-၃-၂၀၁၃ ရက်အထိ ယခင်လိုအပ်ချက်ရှိသော လျှောက်လွှာ (၆)စောင်မှ ပြန်လည်ပြင်ဆင် လျှောက်ထားလာသည့် လျှောက်လွှာ(၃) စောင်၊ ယခင်စိစစ်ဆဲ လျှောက်လွှာ(၃)စောင်၊ ထပ်မံလျှောက်ထားသူ(၅) စောင်ရှိရာ စုစုပေါင်းလျှောက်လွှာ (၁၁)စောင်အနက် (၉)စောင်အတွက် ယနေ့ပြုလုပ်သော ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် ဖြန့်ချိရေးလုပ်ငန်းများကြီးကြပ်မှု ဗဟိုအဖွဲ့အစည်းအဝေးမှစိစစ်နိုင်ခဲ့ပြီး အောက်ပါ (၈)စောင်အား ၁-၄-၂၀၁၃ ရက်မှစ၍ ယာယီထုတ်ဝေခွင့် ထပ်မံခွင့်ပြုလိုက်ကြောင်း သိရသည်-

(က) The Daily Eleven (လျှောက်ထားသူ Eleven Media Group Co.,Ltd)
(ခ) စံတော်ချိန် (လျှောက်ထားသူ Three Friends Construction Co.,Ltd)
(ဂ) ခေတ်သစ်နေ့စဉ် (လျှောက်ထားသူ ဒေါက်တာတင်ထွန်း)
(ဃ) ရန်ကုန်တိုင်း(မ်) (လျှောက်ထားသူ ဦးကိုကို)
(င) မြန်မာမိတ (လျှောက်ထားသူ ဦးမြင့်သန်း)
(စ) ဒီလှိုင်း (လျှောက်ထားသူ ဒေါ်အောင်ဆန်းစုကြည်)
(ဆ) ပြည်ထောင်စုအသံ (လျှောက်ထားသူ ဒေါ်ဝင်းကလျာဆွေ)
(ဇ) ၇-ရက်နေ့စဉ် (လျှောက်ထားသူ ဦးသောင်းစုငြိမ်း)

သို့ဖြစ်၍ ယနေ့အထိ လွတ်လပ်သော ပုဂ္ဂလိကနေ့စဉ်သတင်းစာ (၁၆)စောင်အား ထုတ်ဝေခွင့်ပြုခဲ့ကြောင်း သိရသည်။ စစ်ဆေးဆဲ လျှောက်လွှာ (၃)စောင်နှင့် ထပ်မံလျှောက်ထားလာမည့်လျှောက်လွှာများကိုလည်း ဆက်လက်စိစစ်ပြီး ဧပြီလအတွင်းကျင်းပမည့် ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် မတ် ၂၆

မြန်မာနိုင်ငံဆိုင်ရာ အိုမန်နိုင်ငံ သံအမတ်ကြီးခန့်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိုမန်နိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာဂျာနက် အယ်လ်ဆေယစ် ဖာခရီ ဘင် မိုဟာမက် ဘင်ဆအိဒ် အယ်လ် ဆအိဒ်အားခန့်အပ်ရန် အိုမန်နိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာဂျာနက် အယ်လ်ဆေယစ် ဖာခရီ ဘင် မိုဟာမက် ဘင်ဆအိဒ် အယ်လ် ဆအိဒ်သည် ၁-၁-၁၉၅၂ ရက်တွင် ဇန်ဇီဘာမြို့၌မွေးဖွားခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် အမေရိကန် တက္ကသိုလ်မှ စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံဘွဲ့ရရှိခဲ့သည်။

၎င်းသည် ၁၉၈၃ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဥရောပဌာန၌ ဒုတိယအတွင်းဝန်နှင့် ၁၉၈၇ ခုနှစ်တွင် တိုကျိုမြို့ အိုမန်သံရုံး သံရုံးယာယီတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် အာရှရေးရာ ဦးစီးဌာနရှိ ပစိဖိတ်ဒေသဌာနတွင် ဌာနအကြီးအကဲ၊ ၁၉၉၇ ခုနှစ်တွင် ဘာလင်မြို့ အိုမန်သံရုံး သံရုံးယာယီတာဝန်ခံ၊ ၂၀၀၃ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံ အိုမန်သံရုံး သံရုံးယာယီတာဝန်ခံနှင့် ၂၀၀၇ ခုနှစ်တွင် ဗီယင်နာမြို့ အိုမန်သံရုံး ဒုတိယအကြီးအကဲ ရာထူးတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၂၀၀၈ ခုနှစ်မှ ယနေ့အထိ ဘရူနိုင်းနိုင်ငံဆိုင်ရာ အိုမန်နိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကာ အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးလေးဦးရှိသည်။

မစ္စတာဂျာနက် အယ်လ်ဆေယစ် ဖာခရီ ဘင် မိုဟာမက် ဘင်ဆအိဒ် အယ်လ် ဆအိဒ်သည် ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့တွင် ရုံးစိုက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိုမန်နိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးသတိပြု ကာကွယ်မှု ပေါင်းစုဆောင်ရွက်ကြ

နိုင်ငံတကာသတင်း

နိုင်ငံတည်ငြိမ်အေးချမ်းရေး ဝိုင်းဝန်းကာကွယ်ရန် အီဂျစ်သမ္မတတိုက်တွန်း

ကိုင်ရို မတ် ၂၅

အီဂျစ်နိုင်ငံတွင် တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံရေးအရအကာအကွယ်အထောက်အပံ့များကို အီဂျစ်နိုင်ငံအတွင်းရှိ နိုင်ငံရေးအင်အားစုများက ဝိုင်းဝန်းအကူအညီမပေးကြကြောင်း အီဂျစ်သမ္မတ မိုဟာမက်မော်စီ၏ ထုတ်ဖော်ပြောကြားချက်ကို မတ် ၂၅ ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဖြစ်ပွားခဲ့

အမျိုးသမီးများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များ ကူညီထောက်ပံ့ရေးဆိုင်ရာဆွေးနွေးပွဲတစ်ရပ်၌ အီဂျစ်သမ္မတ မိုဟာမက်မော်စီက ပြောကြားလိုက်ခြင်းဖြစ်သည်။ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် မကြာမီက အကြမ်းဖက်မှုများဖြစ်ပွားခဲ့ရာ လူအများအပြား သေဆုံးဒဏ်ရာရမှုများ ဖြစ်ပွားခဲ့သည်။

ထိုသို့ ဖြစ်ပွားခဲ့သော ဖြစ်ရပ်များတွင် နိုင်ငံရေးသမားအချို့ ပါဝင်သွေးထိုးပေးခဲ့မှုများကို သိရှိခဲ့ကြသဖြင့် စိတ်မချမ်းမသာဖြစ်ရကြောင်း အီဂျစ်သမ္မတက ဆက်လက်ပြောကြားသည်။ အီဂျစ်နိုင်ငံ တည်ငြိမ်အေးချမ်းရေးကို ထိန်သိမ်းစောင့်ရှောက်သွားမည်ဖြစ်ပြီး နိုင်ငံသားအားလုံးဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန်လည်း မိုဟာမက်မော်စီက တိုက်တွန်းပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

သေမင်းခံတွင်းမှ လက်မတင်လေးလွတ်မြောက်ခဲ့သော ကိုးနှစ်သမီးငယ်

လော့စ်အိန်ဂျလိစ် မတ် ၂၅

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းရှိ ကားလမ်းမကြီးတစ်ခုတွင် မတ် ၂၄ ရက် နံနက်က ယာဉ်တိမ်းမှောက်မှုတစ်ခုဖြစ်ပွားခဲ့သည်။ ယင်းမတော်တဆမှုတွင် ဖခင်ဖြစ်သူ သေဆုံးသွားခဲ့ပြီး အသက်ကိုးနှစ်အရွယ်ရှိ သမီးငယ်သည် ဆိုးရွားစွာပျက်စီးနေသည့် ကားထဲမှတိုးထွက်ကာ ချောက်ကမ်းပါးသို့တက်ပြီး အကူအညီတောင်းရန် တစ်မိုင်ခန့်အထိ လမ်းလျှောက်သွားခဲ့သည်ဟု ဒေသခံများက ပြောကြားသည်။

အဆိုပါမော်တော်ကားသည် ဆီရာယာကားလမ်းမကြီးပေါ် မောင်းနှင်လာစဉ် ပေ ၂၀၀ ခန့်နက်သောရေကာတာတစ်ခုထဲသို့ ထိုးကျသွားခဲ့ခြင်းဖြစ်သည်ဟု ကယ်လီဖိုးနီးယားပြည်နယ် အမြန်လမ်းများကြီးကြပ်ရေးဌာန (စီအိတ်ချ်ပီ)မှ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။ ယင်းနေရာသည် ယာဉ်များမကြာမကြာ တိမ်းမှောက်လေ့ရှိသော နေရာဖြစ်သည်ဟုလည်း ဆိုသည်။

လက်ပြတားခဲ့

ကလေးငယ်သည် ကားထဲမှ ကိုယ်တိုင်ရုန်းထွက်ပြီးနောက် အနီးရှိအိမ်များသို့ သွားရောက်ခဲ့သည်။ သို့သော် မည်သူမှ တံခါးဖွင့်မပေးခဲ့ဟု စီအိတ်ချ်ပီမှ ပြောကြားခဲ့သည်။ ထို့နောက် ကလေးငယ်သည် ရထားဘူတာအနီး လမ်းမပေါ်မှ ဖြတ်သွားဖြတ်လာယာဉ်များအား နံနက် ၂ နာရီခွဲခန့်က လက်ပြတားခဲ့သည်ဟု ဆိုသည်။

“ကလေးက အလွန်ကြောက်စရာကောင်းတဲ့ ခရီးကိုဖြတ်သန်းခဲ့တာပါ။ သူလျှောက်တဲ့အချိန်ကလည်း တော်တော်ကို မှောင်မည်းနေတဲ့အချိန်ပါ။ ကျသွားတဲ့ချောက်ကလည်း တော်တော်နက်ပြီး ချုံလည်းထူပါတယ်။ ဝံပုလွေပေါတဲ့ နေရာလည်း ဖြစ်ပါတယ်”ဟုစီအိတ်ချ်ပီမှ တွမ်လက်ကီက ပြောကြားခဲ့သည်။

ကလေးငယ်အား ရဟတ်ယာဉ်ဖြင့် လော့စ်အိန်ဂျလိစ် ကလေးဆေးရုံသို့ သယ်ဆောင်သွားပြီး အနည်းငယ် ထိခိုက်ဒဏ်ရာရမှုတို့ကို ကုသပေးနေသည်ဟု သိရသည်။ **(ဖောက်စ်နယူး)**

ဆီးရီးယားနယ်စပ်၌ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွား

ဂျေရုဆလင် မတ် ၂၅

ဂိုလန်ကုန်းမြင့်ဒေသတောင်ပိုင်းရှိ ဆီးရီးယားစစ်အခြေစိုက်စခန်းတစ်ခုကို အစ္စရေးတို့က မတ် ၂၄ ရက် နံနက်တွင် ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း **(အပေါ်ပုံ)**၊ အခြေအနေမှာ တင်းမာမှုမြင့်တက်လာကြောင်း အစ္စရေးမီဒီယာများက ဖော်ပြသည်။

ယင်းဒေသရှိ အစ္စရေးတို့နယ်မြေအတွင်း လုံခြုံရေးကင်းလှည့်နေသော အစ္စရေးစစ်ယာဉ်တစ်စီးကို ဆီးရီးယားတပ်ဖွဲ့ဝင်များက သေနတ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် အစ္စရေးတို့က ယခုကဲ့သို့ ဒုံးကျည်ဖြင့် ပြန်လည်ပစ်ခတ်ခြင်းဖြစ်ကြောင်း၊ ဆီးရီးယားပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း အစ္စရေးစစ်ဘက်က ပြောကြားသည်။

သို့သော် အစ္စရေးတို့ ပစ်ခတ်သောဒုံးကျည်ကြောင့် ဆီးရီးယားတပ်ဖွဲ့ဝင်နှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆီးရီးယားတပ်ဖွဲ့၏စစ်စခန်းလည်း ထိခိုက်ပျက်စီးခဲ့သည်ဟု သတင်း၌ဖော်ပြသည်။ အစ္စရေးတပ်ဖွဲ့ဝင်များ စီးနင်းလာသည့် စစ်ယာဉ်မှာမူ ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။ ယခုအခါ အစ္စရေးတပ်ဖွဲ့ဝင်များက ဆီးရီးယားနှင့်အစ္စရေးနယ်စပ်အနီးသို့ တပ်ဖြန့်ချထားပြီး အခြေအနေကို စောင့်ကြည့်လျက်ရှိသည်။ လောလောဆယ်တွင် အခြေအနေမှာ ပြန်လည်တည်ငြိမ်လျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ **(ဆင်ဟွာ)**

အစ္စရေးတို့ဘက်မှ တောင်းပန်ရုံတစ်ခုတည်းဖြင့် ပုံမှန်ဆက်ဆံရေးပြန်မဖြစ်နိုင်ဟု တူရကီဝန်ကြီးချုပ်ပြောကြား

အင်ကာရာ မတ် ၂၅

အစ္စရေးတို့က တောင်းပန်ရုံတစ်ခုတည်းဖြင့် အင်ကာရာနှင့် တဲလ်အဗစ်တို့အကြား နဂိုပုံမှန်အတိုင်း ဆက်ဆံရေးပြန်လည်ဖြစ်လာရန် လုံလောက်မှုမရှိကြောင်း၊ ၎င်းတို့အနေဖြင့် ဆက်ဆံရေးပုံမှန်မဖြစ်မီ ကတိကဝတ်ပြုပေးရမည်ဖြစ်ကြောင်း တူရကီဝန်ကြီးချုပ် ရီဆက်တေယက်အာဒိုဂန်က ပြောကြားခဲ့သည်။ (အပေါ်ပုံ)

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျာမင်နေတန်ယာဟုသည် ၂၀၁၀ ခုနှစ်က ဂါဇာကမ်းမြောင်ထောက်ပံ့ရေးရေယာဉ်တိုက်ခိုက်မှုဖြစ်ပွားစဉ်အတွင်း တူရကီနိုင်ငံသားများသေဆုံးခဲ့ရမှုအတွက် တူရကီနိုင်ငံဝန်ကြီးချုပ် အာဒိုဂန်သို့ ဖုန်းဆက်တောင်းပန်ခဲ့သည်။

အဆိုပါတောင်းပန်မှုကို အာဒိုဂန်က လက်ခံခဲ့ပြီး ၎င်းတို့နှစ်ဦးသည် နဂိုအတိုင်းဆက်ဆံရေးပြည့်ပြည့်ဝဝ ပြန်လည်လုပ်ဆောင်ရန် စတင်မည်ဟု ပြောကြားခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

သို့သော်လည်း မတ် ၂၄ ရက်က ပြည်သူများအားစည်းရုံးလှုံ့ဆော်မှုတစ်ခုပြုလုပ်ရာတွင် ၎င်းတို့အနေဖြင့် နဂိုအတိုင်းဆက်ဆံရေးများ အလျင်အမြန်မဖြစ်နိုင်ကြောင်း တူရကီဝန်ကြီးချုပ်၏ကြေညာချက်ကို သတင်းထုတ်ပြန်ရေးအဖွဲ့က ဖော်ပြသည်။

ဒဏ်ရာရရှိခဲ့

၂၀၁၀ ခုနှစ် မေ ၃၁ ရက်က အစ္စရေးရေတပ်ကွန်မန်ဒိုများသည် ၎င်းတို့ဝန်းရံပိတ်ဆို့ထားသော ဂါဇာကမ်းမြောင်သို့ ခုတ်မောင်းလာသည့် သင်္ဘောကို စီးနင်းတိုက်ခိုက်ခဲ့ရာတွင် တူရကီနိုင်ငံသား ကိုးဦးသေဆုံးပြီး အခြားသူအများအပြားဒဏ်ရာရရှိခဲ့သည်။ **(ပရက်စ်တီဗွီ)**

ဩစတြေးလျနိုင်ငံတွင် မိုးသက်မုန်တိုင်းများတိုက်ခတ် နေအိမ်ထောင်ပေါင်းများစွာ ဓာတ်အားပြတ်တောက်

ဘရစ္စဘိန်း မတ် ၂၅

ဩစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်း ကွင်းစလန်ပြည်နယ်တွင် မတ် ၂၄ ရက်က မိုးသက်မုန်တိုင်းအချို့တိုက်ခတ်ခဲ့ပြီးနောက် နေအိမ်ထောင်ပေါင်းများစွာ ဓာတ်အားပြတ်တောက်လျက်ရှိကြောင်း ဒေသဆိုင်ရာမီဒီယာများက မတ် ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ မိုးသက်မုန်တိုင်းများသည် တစ်နာရီလျှင် ကီလိုမီတာ ၉၀ ကျော်အထိတိုက်ခတ်မှုကြောင့် ယင်းဒေသတွင် သစ်ပင်များပြိုလဲပြီး နေအိမ်နှင့် စီးပွားရေးလုပ်ငန်းပေါင်း ၅၀၀၀၀ ထက်မနည်း ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း ဩစတြေးလျအသံလွှင့်ဌာန (အေဘီစီ)၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ကွင်းစလန်အခြေစိုက် အီနာဂတ်စွမ်းအင်ကုမ္ပဏီမှ အရေးပေါ်အဖွဲ့ဝင်များသည် အဆိုပါ မုန်တိုင်းဒဏ် ခံရသည့်ဒေသများတွင် ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်နေဆဲဖြစ်သည့် နေအိမ် ၁၁၀၀၀ ကို ဓာတ်အားပြန်လည်ရရှိအောင် လုပ်ဆောင်နေကြသည်။

အဆိုပါ ဒေသများတွင် ဆက်သွယ်ရေးကွန်ရက်များ ထိခိုက်ပျက်စီးနေပြီး ပြန်လည်ပြင်ဆင်ရန်အတွက် အချိန်ပေးလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း အီနာဂတ်ကုမ္ပဏီက မတ် ၂၅ ရက်က ယင်း၏ဝက်ဘ်ဆိုက်ထုတ်ပြန်ချက်၌ ရေးသားဖော်ပြထားသည်။ **(ဆင်ဟွာ)**

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းတွင် မြေပြိုမှုဖြစ်ပွား

ဂျကာတာ မတ် ၂၅

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းတွင် မတ် ၂၅ ရက်က မိုးများသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုကြောင့် ခြောက်ဦးသေဆုံးပြီး အခြား ၁၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါ မြေပြိုမှုသည် ဂျာဗားကျွန်းအနောက် ဘန်ဒန်ခရိုင်တွင် မတ် ၂၅ ရက် အစောပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းမြေပြိုမှုကြောင့် လူခြောက်ဦးသေဆုံးနေသည်ကို တွေ့ခဲ့ရပြီး ၁၈ ဦးမှာ မြေကြီးများအောက် ပိမိနေဆဲဖြစ်ကြောင်း အမျိုးသားသဘာဝဘေး အန္တရာယ်စီမံကွပ်ကဲရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပိုနူးဂရိုဟိုက ပြောကြားခဲ့သည်။

မြေပြိုမှုကြောင့် ယင်းခရိုင်အတွင်း နေအိမ်ကိုးလုံးလည်း ပျက်စီးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဆိုးရွားသောရာသီဥတုကြောင့် မကြာသေးမီနှစ်များအတွင်း ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများ ထပ်တလဲလဲဖြစ်ပေါ်လျက်ရှိသည်။ **(ဆင်ဟွာ)**

အင်ဒိုနီးရှားနိုင်ငံ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားသည်ကို ဤသို့တွေ့ရသည်။

တင်မောင်လွင်-စုစည်းသည်

ပြည်တွင်းသတင်း

▲ **ရှေ့ဖုံးမှ**

တရားဥပဒေနှင့်ငြိမ်းချမ်းရေးကို လေးစားလိုက်နာရေး ဟောပြောကြရန်မှာ အရေးပါသောအချက်ဖြစ်ပါကြောင်း၊ ဖြစ်စဉ်ဖြစ်ပွားရာသို့ သွားရောက်လေ့လာရာတွင် ဒေသခံပြည်သူများ၏ ဝမ်းနည်းကြေကွဲမှုများအတွက် များစွာစိတ်မကောင်းဖြစ်ရသော်လည်း မုန်းတီးမှုများမတွေ့ရသဖြင့် တစ်ဖက်က ဝမ်းသာခဲ့ရပါကြောင်း၊ ဒေသခံပြည်သူများသည် နှစ်ပေါင်းများစွာ ငြိမ်းချမ်းစွာ အတူနေထိုင်ခဲ့ကြသူများဖြစ်ပြီး ဆက်လက်နေထိုင်သွားရန်လည်း နှစ်ဖက်စလုံးမှ ဆန္ဒရှိသည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ အချို့က စေ့ဆော်/လှုံ့ဆော်သူများကို ထိရောက်စွာအရေးယူပေးပါရန် တင်ပြခဲ့ကြပါကြောင်း၊ နှစ်ဖက်စလုံးမှ လူမှုရေး၊ ဘာသာရေးခေါင်းဆောင်များက ဖြစ်ပွားခဲ့သည်များကို ကျော်လွှားပြီး ရှေ့ဆက်လျှောက်လှမ်းကြရန် မျှော်လင့်ထားကြောင်း၊ မြန်မာနိုင်ငံ၏ ကောင်းသောဂုဏ်သတင်း ထိပါးမည်ကိုစိုးရိမ်ကြောင်းကို ဖော်ပြပြောဆိုခဲ့ကြပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ယခင်ကကဲ့သို့ ဆက်လက်လက်တွဲ၍ နေထိုင်သွားရန် ဆန္ဒရှိသည်ကိုလည်း သိရှိခဲ့ရပါကြောင်း၊ ယင်းပြည်သူများအား ကူညီထောက်ပံ့သည့် လုပ်ငန်းစဉ်တွင် ကုလသမဂ္ဂကလည်း ထိရောက်စွာ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍နိုင်ငံတော်သမ္မတက မိမိတို့အစိုးရတာဝန်ယူခဲ့သည့် နှစ်နှစ်တာကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရာတွင် အောင်မြင်မှုများရှိသကဲ့သို့ မမျှော်လင့်သောစိန်ခေါ်မှုများကိုလည်း ကြုံတွေ့ရပါကြောင်း၊ ဖြစ်စဉ်တစ်ခုဖြစ်ပွားလာသည့်အခါ တရားဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဆိုသည့်အသိ ပြည်သူများအတွင်းရောက်ရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပညာရေးမြှင့်တင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးကို မဖြစ်မနေဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချပြီးဖြစ်ပါကြောင်း၊ ကြုံတွေ့လာမည့် အခက်အခဲများကိုလည်း အောင်မြင်အောင်ကျော်လွှားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်နှင့် ကုလသမဂ္ဂအနေဖြင့် မိမိတို့နိုင်ငံအပေါ် နားလည်မှု၊ စာနာမှု၊ ထောက်ထားမှုများထားရှိပြီး လူသားချင်းစာနာမှု အကူအညီများပေးအပ်ရန် ဆန္ဒရှိကြောင်းသိရ၍ များစွာကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

◆ **ရှေ့ဖုံးမှ**

ထိုသို့ နွားနို့နေ့စဉ် တိုက်ကျွေးရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ မူလတန်းကျောင်းသားကျောင်းသူဦးရေ ၁၇၅၀၀ နှင့် မန္တလေးတိုင်းဒေသကြီးတွင် ကျောင်းသားကျောင်းသူ ၁၇၅၀၀ ဦးတို့အပြင် နေပြည်တော်ရှိ ကျောင်းသား ကျောင်းသူ ၁၀၀၀၀ ဦးတို့အား တိုက်ကျွေးသွားရန် စီစဉ်ထားသည်။

မူလတန်းကျောင်းသားကျောင်းသူများအား နို့တိုက်ကျွေးရာတွင် ၂၀၁၃-၂၀၁၄ ခုနှစ် ပညာသင်နှစ် ကျောင်းစတင်ဖွင့်ရက်မှ နေ့စဉ် ကျောင်းသားကျောင်းသူတစ်ဦးလျှင် နွားနို့ ၂၀၀ မီလီမီတာ တိုက်ကျွေးသွားရန်စီစဉ်ထားသည်။

(မြန်မာ့အလင်း)

ကိုရီးယားဘာသာစကားကျွမ်းကျင်မှုကို ကွန်ပျူတာအခြေပြုစစ်ဆေးသည့် စာစစ်ဌာနဖွင့်ပွဲကျင်းပ

ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့် ကိုရီးယားဘာသာစကား ကျွမ်းကျင်မှုကို ကွန်ပျူတာအခြေပြုစစ်ဆေးသည့် စာစစ်ဌာနဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၂၅

ကိုရီးယား ဘာသာစကား ကျွမ်းကျင်မှုကို ကွန်ပျူတာအခြေပြု စစ်ဆေးသည့် စာစစ်ဌာန EPS-TOPIK(Computer Based Test-CBT) Centre ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် နဂါးရုံဘုရားလမ်းရှိ အဆိုပါအဆောက်အအုံရှေ့၌ ယနေ့နံနက် ၁၀ နာရီခွဲတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ ကိုရီးယားသမ္မတနိုင်ငံ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာန ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်း (HRD Service of Korea) ဒုတိယဥက္ကဋ္ဌ Mr.LEE CHOON BOOK နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ကိုရီးယားသမ္မတနိုင်ငံ HRD အဖွဲ့အစည်းမှ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် ညွှန်ကြားရေးမှူး Mr. CHOI JUNG IN နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် HRD ဒုတိယဥက္ကဋ္ဌ Mr.LEE CHOON BOOK တို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ သံမှူးက Centre ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

EPS-TOPIK (Computer Based Test -CBT) Centre ဖွင့်လှစ်ဆောင်ရွက်နိုင်ခြင်းဖြင့် ဖြေဆိုရမည့် မေးခွန်းနှင့်အဖြေတို့ကို On line ဖြင့် ပေးပို့ဆောင်ရွက်နိုင်၍ ယခင်သမားရိုးကျပြုလုပ်နေသော မေးခွန်းလွှာနှင့် အဖြေလွှာများဖြင့် စစ်ဆေးဖြေဆိုခြင်း (Paper Based Test) ထက် ပိုမိုစိတ်ချလုံခြုံမှုရှိပြီးအချိန်နှင့်ကုန်ကျစရိတ်သက်သာခြင်း၊ စာမေးပွဲရလဒ်ကိုလည်း အချိန်တိုအတွင်း ထုတ်ပြန်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် ကနဦးသုံးနှစ် အလုပ်လုပ်ကိုင်ခဲ့ကြပြီး နောက်ထပ် အလုပ်အကိုင်စာချုပ်ဆက်လက်လုပ်ကိုင်နေစဉ် ကာလအတွင်း မိမိတို့ဆန္ဒအရ မိခင်နိုင်ငံသို့ ပြန်လာကြသည့် လုပ်သားများ အနက် ကိုရီးယားသမ္မတနိုင်ငံ၌ ပြန်လည်အလုပ်လုပ်ကိုင်လိုသူများ အတွက် HRD Korea အဖွဲ့အစည်းနှင့် ညှိနှိုင်းပြီး ကိုရီးယားဘာသာစကားအရည်အချင်းစစ်စာမေးပွဲကို သုံးလတစ်ကြိမ် ကျင်းပပေးနိုင်တော့မည်ဖြစ်ကြောင်း၊ မကြာမီ မတ် ၂၈၊ ၂၉ နှင့် ဧပြီ ၁ ရက်တို့တွင် စာမေးပွဲများ ကျင်းပသွားရန်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်အား ဗြိတိန်နိုင်ငံ အထက်လွှတ်တော်အမတ်နှင့် ကွန်ဆာဗေးတစ်ပါတီ လူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၂၅

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်အား ဗြိတိန်နိုင်ငံ အထက်လွှတ်တော်အမတ် Liverpool မြို့စားဘွဲ့ရ Lord David Patrick Alton နှင့် ကွန်ဆာဗေးတစ်ပါတီ လူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Benedict Richard Victor Rogers နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ယင်းဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပညာရေးပြုပြင်ပြောင်းလဲမှုများ၊ အခြေခံပညာကျောင်းများ၏ အလယ်တန်းနှင့် အထက်တန်းဆင့် လူ့အခွင့်အရေးသင်ခန်းစာသင်ကြားမှုများနှင့် Open University များ၏ သင်ကြားသင်ယူမှုဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး၊ ပညာရေးဆိုင်ရာ ဥပဒေရေးဆွဲရေး၊ ဆရာအတတ် ပညာသင်ကြားရေး၊ အင်္ဂလိပ်စာသင်ကြားရေး၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားရေးနှင့် တက္ကသိုလ်ကျောင်းသား လုပ်အားပေး ဆရာစေလွှတ်ရေးတို့ကိုလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၈၂)ကြိမ်မြောက် သွေးလှူဒါန်း

နေပြည်တော် မတ် ၂၅

(၆၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့်စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှငွေး **(ယာပုံ)**၊ စက်မှုစီးပွား(တ)၊ လူမှုထူးချွန်(ဒု)သည် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)(နေပြည်တော်)၌ (၈၂) ကြိမ်မြောက်အဖြစ် မတ် ၂၅ ရက်တွင် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **အမျိုးသားသွေးဌာန**

မြန်မာလူငယ်ဂေါက်သီးရိုက်အသင်း ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မတ် ၂၅

၂၀၁၃ ခုနှစ် မတ် ၂၆ ရက်မှ ၂၉ ရက်အထိ ထိုင်းနိုင်ငံ Windsar Park& Golf Club, Bangkok ၌ ကျင်းပမည့် "12th True Visions International Junior Golf Championships 2013" လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်း ခေါင်းဆောင်သော မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းသည် မတ် ၂၄ ရက် နေ့လယ်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာလူငယ် ဂေါက်သီးရိုက်အသင်းကိုတာဝန်ရှိသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ မြန်မာလူငယ် ဂေါက်သီးရိုက်အသင်းတွင် အသင်းအုပ်ချုပ်သူအဖြစ် ဦးမျိုးထွန်း (တွဲဖက်အထွေထွေအတွင်းရေးမှူး) နှင့် အမျိုးသားအားကစားသမား ၁၂ ဦး၊ အမျိုးသမီး အားကစားသမား ခြောက်ဦး၊ ပြိုင်ပွဲဝင် အားကစားသမားစုစုပေါင်း ၁၈ ဦး လိုက်ပါသွားကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

အပူဒဏ် အန်တုနိုင်ပါစေ

မြတ်ထွင်ညွန့်(ဆေး - ၂)

“ပူလိုက် အိုက်လိုက်တာ ဆရာရယ်။ သည်နှစ်နွေက တယ်ပူပါလား”

အိမ်ပေါ်လှမ်းတက်လိုက်ရင်း ခရီးရောက်မဆိုက်ဆိုသလိုပင် မောင်ပျာယာက ပြောလိုက်သည်။

“ဘယ်နှစ်နွေကရော မပူတာရှိလို့တုံး မောင်ပျာယာရဲ့။ နွေမှာပူပြီး၊ မိုးမှာမိုးရွာ၊ ဆောင်းမှာအေးမှ ရာသီဥတုမှန်တယ်ဆိုရမှာပေါ့”

“ဆရာကသာ ရာသီဥတုမှန်တယ်လုပ်နေ။ နွေရာသီပူလွန်းလို့ ဘယ်လိုနေရမှန်းတောင် မသိတော့ဘူး”

“ရာသီဥတုဒဏ်ဆိုတာ ရှိစမြဲပဲလေ မောင်ပျာယာရဲ့။ လူက ရာသီဥတုနဲ့အညီ လိုက်လျောညီထွေ လိုက်ပြီးနေပေးဖို့တော့ လိုတာပေါ့။ ကဲအခု အိုက်နေတယ် မဟုတ်လား။ ရော့ ယပ်တောင်လေးနဲ့ ခပ်လိုက်”

မောင်ပျာယာသည် ဒေါက်တာမြတ်ပေးသော ထန်းယပ်တောင်နှင့် တပြန်းပြန်းယပ်ခတ်ရင်း “နွေရာသီမှာ ဘယ်လိုလုပ်ပြီး ချွေးလေးဘာလေး မထွက်အောင်နေရမလဲ လုပ်ပါဦးဆရာရယ်။ ချွေးတွေထွက်ပြီး တစ်ကိုယ်လုံး ယားကျိကျိပါဖြစ်နေတာ” ဟု ဆိုလေသည်။

“နွေရာသီမှာ ချွေးထွက်တယ်ဆိုတာ သဘာဝပဲ မောင်ပျာယာရဲ့။ လူဆိုတာက သွေးနွေးသတ္တဝါမဟုတ်လား။ သည်တော့ ခန္ဓာကိုယ်အပူချိန်ကို ပျမ်းမျှ ၃၇ ဒီဂရီစင်တီဂရိတ် (၉၉ ဒီဂရီဖာရင်ဟိုက်)ဝန်းကျင်မှာ ရှိနေဖို့လိုတယ်။ သည့်ထက်နည်းလွန်းရင်လည်း မကောင်းသလို များလွန်းလာပြန်ရင်လည်း အန္တရာယ်ရှိတယ်”။

“အခုလို ပြင်ပအပူချိန်က ၃၇ ဒီဂရီစင်တီဂရိတ် ထက် များနေတဲ့အခါကျတော့ ဘယ့်နှယ့်ဖြစ်မလဲ”

“ပြင်ပအပူချိန်တက်ရင်ပဲဖြစ်ဖြစ်၊ ကျလာရင်ပဲဖြစ်ဖြစ် လူ့ခန္ဓာကိုယ်က ကိုယ်အပူချိန်ထိန်းညှိပေးတဲ့ စနစ်ရှိတယ်။ အေးလွန်းလာရင် ကြက်သီးထတယ်။ ခိုက်ခိုက်တုန်တယ်မဟုတ်လား။ ဒါဟာ ကြွက်သားတွေတုန်ခါစေပြီး အပူဓာတ်တွေထွက်လာအောင် လုပ်ပေးတာပဲ။ အခုလို နွေရာသီမှာကျတော့ ပြင်ပအပူချိန်က မြင့်မားလာတယ်။ ဒါကို တုံ့ပြန်တဲ့အနေနဲ့ လူ့ခန္ဓာကိုယ်က အဓိကအားဖြင့်ကတော့ အပူတွေဖယ်နည်း နှစ်နည်းရှိတယ်။ ပထမတစ်နည်းက ပြင်ပအပူချိန်များလာရင် ဦးနှောက်ရဲ့ ထိန်းချုပ်မှုနဲ့ အရေပြားအောက်က သွေးကြောငယ်လေးတွေ ကျယ်လာစေတယ်။ သည်တော့ သွေးတွေများများ စီးဆင်းလာတယ်။ သည်အခါမှာ အပူမြင့်တဲ့ ကိုယ်တွင်းက သွေးတွေက အရေပြားမှာ အပူဖြာခြင်းနည်း၊ အပူစီးကူးခြင်းနည်းတွေနဲ့ ပြင်ပကို အပူစွန့်ပစ်တယ်။ နောက်တစ်နည်းကတော့ ချွေးထွက်တဲ့နည်းပဲ၊ ချွေးထွက်တော့ သည်ချွေးတွေက အငွေ့ပျံတဲ့ အခါကျတော့ လူ့အရေပြားက အေးမြသွားပြီး ကိုယ်အပူချိန်ကို ၃၇ ဒီဂရီစင်တီဂရိတ် ဝန်းကျင်မှာပဲ ပြန်ထိန်းထားနိုင်စေတယ်”

“ဒါဆို ချွေးထွက်တာကောင်းတာပေါ့နော်”

“မှန်တာပေါ့ မောင်ပျာယာရယ်။ ဇယားလေးကိုကြည့်ရင် ရှင်းသွားလိမ့်မယ်။ ပုံမှန်ကိုယ်တွင်းအပူချိန်ထက် ပိုများလာရင် လူ့ခန္ဓာကိုယ်မှာ ဘာတွေဖြစ်သလဲ ကြည့်လို့ရတယ်။”

ဒေါက်တာမြတ်က ဇယားကို ပြလိုက်ရာ မောင်ပျာယာက ယပ်တောင်ကို အသာချထားရင်း စိတ်ဝင်တစားဖတ်ကြည့်လေသည်။

“ဟာဒါဆို ပြင်ပအပူချိန် မြင့်တက်တိုင်းသာ လူ့ခန္ဓာကိုယ်က လိုက်ပြီး မြင့်တက်နေမယ်ဆိုရင် သေတဲ့အထိ ဖြစ်နိုင်တာပေါ့နော်”

“မှန်လိုက်လေ မောင်ပျာယာရယ်။ တို့ခန္ဓာကိုယ်တွေက အလိုက်သင့်တုံ့ပြန်နေတဲ့အတွက် ကိုယ်တွင်းအပူချိန်မမြင့်အောင် တားထားနိုင်တာပေါ့။ သည်လိုမျိုး မထိန်းထားနိုင်ရင်၊ ဒါမှမဟုတ် ထိန်းထားနိုင်တဲ့ အတိုင်းအတာထက် ပိုပြီး ကာလတာရှည်အပူပြင်းထန်တဲ့ နေရာမှာနေနေရင် ဝန်နဲ့အားမမျှသလိုဖြစ်ပြီး ကိုယ်ခန္ဓာက အပူလွန်ကဲတာကို ထိန်းမထားနိုင်ဘဲ အပူရှိန်ကြောင့် ကြွက်တက်တာတွေ (Heat cramp)၊ အပူရှပ်တာတွေ (Heat Stress)၊ အပူများပြီး နုန်းခွေသွားတာတွေ (Heat exhaustion)၊ သည့်ထက်လွန်ကဲလာရင်တော့ အပူလွန်ကဲ သတိလစ် (Heat stroke) ဖြစ်တဲ့အထိ ဖြစ်စေတယ်။ ကလေးငယ်တွေနဲ့ သက်ကြီးရွယ်အိုတွေမှာ သည်လိုပိုဖြစ်နိုင်တယ်။ ဖြစ်ခဲ့ရင်လည်း ပိုဆိုးရွားတယ်။ ကလေးတွေမှာ ဘာကြောင့်ပိုဆိုးသလဲဆိုတော့ လူကြီးတွေမှာက ပြင်ပအပူချိန် မြင့်တက်လာချိန်မှာ ပုံမှန်ထက် ချွေးထွက်ပြီး အပူစွန့်ပစ်နိုင်မှု အဆ ၅၀ ပိုလာတယ်၊ ကလေးတွေမှာကျတော့ နှစ်ဆကနေ အများဆုံးလေးဆလောက်အထိပဲ ပိုပြီး အပူစွန့်ပစ်နိုင်ကြတယ်။ သက်ကြီးရွယ်အိုတွေမှာတော့ အခြားရောဂါ အခံတစ်ခုခုရှိခဲ့ရင် အပူဒဏ်သင့်တဲ့အခါ တစ်ပူပေါ်နှစ်ပူဆင့်ဆိုသလိုဖြစ်ပြီး အသက်အန္တရာယ်ကို စိုးရိမ်ရတဲ့အထိဖြစ်နိုင်တယ်။ အဲ့သလို အရေးပေါ်အဆင့်ရောက်ရင် ဆေးရုံဆေးခန်းတွေကို ချက်ချင်းပို့ပြီး ကုသမှုယူဖို့ လိုတယ်”။

“သည်တော့ အခုလိုမျိုးတွေမဖြစ်အောင် ဘယ့်နှယ့်လုပ်မလဲ ဆရာရဲ့”

“အနာသိရင် ဆေးရှိတယ် ဆိုသလိုပေါ့ မောင်ပျာယာရယ်။ အပူလွန်ကဲမှုကို ကြံ့ကြံ့ခံတွန်းလှန်နိုင်ဖို့အတွက်ဆိုရင် အခုပြောပြမယ့်အချက်တွေကို တိတိကျကျတော့လိုက်နာပေါ့ကွယ်။

(၁)အတတ်နိုင်ဆုံး နေပူထဲမထွက်ပါနဲ့။ မတတ်သာလွန်း၍ ထွက်ရပါက ထီး၊ ဦးထုပ်ဆောင်းပြီး သွားလာပါ။ နေပူထဲတွင် အလုပ်လုပ်ရသူဖြစ်ပါက မကြာခဏ နားပေးရပါမယ်။

(၂) ချွေးထွက်မှုပေါ် မူတည်ပြီး အရည်များများသောက်ပေးရမယ်။ ရေများများသောက်ပေးရမယ်။ သစ်သီးဖျော်ရည်၊ အုန်းရည်၊ ကြံရည် စတာတွေ သောက်နိုင်တယ်။ အရည်ရွှမ်းတဲ့ ဖရဲသီး၊ ရှောက်ချိုသီး၊ ကျွဲကောသီး၊ လိမ္မော်သီးတွေ များများစားနိုင်ပါတယ်။

(၃) ကော်ဖီ၊ လက်ဖက်ရည်၊ ကဖင်းပါဝင်မှုမြင့်တဲ့ အချိုရည်၊ အရက်စတာတွေကိုတော့ အတတ်နိုင်ဆုံး ရှောင်သင့်တယ်။

(၄) သွေးတိုးရောဂါမရှိတဲ့သူတွေဆိုရင်၊ ချွေးထွက်တာလည်း များလွန်းနေတယ်ဆိုရင် ဓာတ်ဆားရည်သောက်သုံးနိုင်ပါတယ်။ သွေးတိုးရှိခဲ့ရင်တော့ နီးစပ်ရာ ဆရာဝန်နဲ့ပြသပြီးမှ ညွှန်ကြားရင် ဓာတ်ဆားရည်သောက်နိုင်တယ်။

(၅) မော်တော်ကားထဲမှာ မှန်တံခါးဖွင့်ထားရင်တောင် အပူရှိန်က သိသိသာသာ မြင့်တက်လာနိုင်တာကြောင့် သက်ကြီးရွယ်အိုနဲ့ ကလေးငယ်တွေကို ကားတံခါးဖွင့်ထားပေးတာပဲဆိုပြီး ကားထဲထားတာမျိုးမလုပ်ပါနဲ့။ အနောက်နိုင်ငံတွေမှာ သည်လိုမျိုးလုပ်မိလို့ သေတဲ့အထိ ဖြစ်ခဲ့ရတဲ့ ကလေးတွေ အများကြီးရှိပါတယ်။

(၆) နွေရာသီမှာ ချွေးစုပ်တဲ့ ချည်သားအဝတ်အထည် အရောင်နုနုတွေကို ရွေးဝတ်ပါ။ အရောင်ရင့်ရင့်တွေက အပူကို စုပ်ယူနိုင်တဲ့အတွက် ပိုပူစေနိုင်ပါတယ်။ နိုင်လွန်လို အဝတ်စတွေက ချွေးမစုပ်နိုင်ဘဲ ပလတ်စတစ်နဲ့ ထုပ်ထားလိုက်သလိုမျိုးဖြစ်စေတဲ့အတွက် လှောင်ပြီး ကိုယ်အပူချိန်တက်စေနိုင်ပါတယ်။ အဝတ်တိုတို ဝတ်ဆင်တာကလည်း နေရောင်နဲ့ တိုက်ရိုက်ထိတွေ့တဲ့အခါ အရေပြားထိခိုက်ပျက်စီးစေနိုင်တာကြောင့် လုံလုံခြုံခြုံဝတ်ဆင်ဖို့ လိုပါတယ်။

(၇) အားကစားသမားတွေအနေနဲ့ နေရောင်ပြင်းလွန်းတဲ့အချိန်၊ နေ့လယ်ဘက်ပူပြင်းလွန်းတဲ့အချိန်တွေမှာ အတတ်နိုင်ဆုံး နားထားပြီး နံနက်စောစောနဲ့ ညနေစောင်းမှာ ပိုအားထည့်လေ့ကျင့်ကစားဖို့လိုပါတယ်။

(၈) ကလေးတွေကိုလည်း အရိပ်ကောင်းတဲ့နေရာတွေမှာသာ ကစားစေသင့်ပါတယ်။ နွေရာသီပူပြင်းလွန်းချိန်မှာ ပြေးလွှားခုန်ပေါက် ကစားတာထက် စာဖတ်တာမျိုးကို မိဘတွေက အားပေးပြီး စီစဉ်ပေးသင့်တယ်။

(၉) အပူဒဏ်သင့်ခံရမှုရှိမရှိကို လွယ်လင့်တကူ သိနိုင်တဲ့နည်းကတော့ ဆီးသွားတာပဲဖြစ်ပါတယ်။ ဆီးသွားတာနည်းသွားရင်၊ အရောင်သိသိသာသာ ရင့်နေရင် ရေပိုသောက်ဖို့ လိုနေပြီဆိုတာကို ပြပါတယ်။ ဆီးသွားတာ ပိုနည်းသွားလေလေ ပိုဆိုးလေလေဖြစ်ပါတယ်။ ဆီးဖောဖောသီသီသွားတဲ့အထိ ရေသောက်ပေးဖို့လိုပါတယ်။

(၁၀) နေပူထဲက ပြန်လာခါစမှာ ရေမချိုးသင့်ပါဘူး။ လွင်တီးခေါင်လိုမျိုး၊ မြစ်ကမ်းပါးလိုမျိုး နေရောင်တိုက်ရိုက်ကျနေတဲ့နေရာတွေမှာ ရေချိုးရမယ်ဆိုရင် နံနက် ၁၀ နာရီကနေ ညနေ ၅ နာရီအထိ လုံးဝမချိုးသင့်ပါဘူး။ နေအေးမှချိုးပါ။

(၁၁) နွေရာသီမှာပဲ ဝမ်းပျက်ဝမ်းလျှောတာတွေ၊ အူရောင်ငန်းဖျားရောဂါတွေပိုဖြစ်တတ်တာကြောင့် သည်လိုရောဂါတွေရှိခဲ့ရင်လည်း အပူဒဏ်သင့်တာပိုများပါတယ်။ သည်လိုရောဂါတွေ ဖြစ်လာခဲ့ရင်လည်း အတတ်နိုင်ဆုံး ထိထိရောက်ရောက်ကုသဖို့ လိုပါတယ်။

(၁၂) ကလေးငယ်တွေနဲ့ သက်ကြီးရွယ်အိုတွေဟာ အပူဒဏ်သင့်တာကို ခံစားရလွယ်သူတွေဖြစ်တာကြောင့် ပိုပြီးဂရုစိုက်ရပါမယ်။ ကဲ သည်အချက်တွေ လိုက်နာရင် နွေရာသီကို အန်တုနိုင်မှာပေါ့ မောင်ပျာယာရယ်”

“ဟုတ်ပါပြီ ဆရာရယ်။ သည်အချက်တွေက တကယ်လိုက်လုပ်နိုင်တဲ့အချက်တွေပဲဆိုတော့ လိုက်နာပါ့မယ်။ အခုတော့ အိမ်ပြန်ပါရစေဦး ဆရာရေ။ နောက်မှ တွေ့တာပေါ့ဆရာ” မောင်ပျာယာဆိုသည့်အတိုင်း အမည်နှင့် လိုက်အောင်ပင်နှုတ်ဆက်စကားကို ကပျာကယာပြောရင်း ပြန်သွားလေတော့သည်။

အပူချိန်	ကိုယ်ခန္ဓာမှ တုံ့ပြန်မှု
၃၇ ဒီဂရီစင်တီဂရိတ် (99°F)	ပုံမှန်ကိုယ်တွင်း အပူချိန်ဖြစ်သည်။ (36.12-37.5 °C (97-100 °F) အတွင်း ရှိနိုင်သည်။)
၃၈ ဒီဂရီစင်တီဂရိတ် (100°F)	ချွေးထွက်ခြင်း၊ စိတ်မသက်မသာဖြစ်ခြင်း၊ အနည်းငယ်ဆာလောင်ခြင်း။
၃၉ ဒီဂရီစင်တီဂရိတ် (102°F)	ချွေးအလွန်အမင်းထွက်ခြင်း၊ အရေပြားနီရဲခြင်း၊ နှလုံးခုန်နှုန်းနှင့် အသက်ရှူနှုန်းများမြန်လာခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မောပန်းခြင်း၊ အတက်ရောဂါရှိသူများတွင် အတက်ရောဂါထခြင်း။
၄၀ ဒီဂရီစင်တီဂရိတ် (104°F)	မောပန်းနွမ်းနယ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ အော့အန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မူးဝေခြင်း၊ ချွေးအလွန်အမင်းထွက်ခြင်း။ (အသက်အန္တရာယ် စိုးရိမ်ရသောအဆင့် စတင်ရောက်ရှိ)
၄၁ ဒီဂရီစင်တီဂရိတ် (106 °F)	အသက်အန္တရာယ်စိုးရိမ်ရသော အရေးပေါ်အခြေအနေ။ မူးဝေအော့အန်ခြင်း၊ ခေါင်းပြင်းထန်စွာကိုက်ခြင်း၊ သိမှုရှုပ်ထွေးခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း၊ သတိလစ်ခြင်း၊ နှလုံးတုန်ခြင်း၊ အသက်ရှူမဝဖြစ်ခြင်း။
၄၂ ဒီဂရီစင်တီဂရိတ် (108°F)	အသားအရေဖြူဖျော့သွားခြင်း(သို့) ရဲနေခြင်း၊ သတိလစ်ခြင်း၊ အော့အန်ခြင်း၊ တက်ခြင်း၊ နှလုံးခုန်နှုန်းမြန်လွန်းခြင်း။
၄၃ ဒီဂရီစင်တီဂရိတ် (109 °F)	ဦးနှောက်ဆဲလ်များ ပြင်းထန်စွာပျက်စီးခြင်း၊ ဆက်တိုက်တက်ခြင်း၊ သွေးလန့်ခြင်း၊ အများအားဖြင့် သေဆုံးစေခြင်း။
၄၄ ဒီဂရီစင်တီဂရိတ်နှင့်အထက် (>111°F)	ရာနှုန်းပြည့်နီးပါးသေဆုံးခြင်း။

နွေရာသီ သောက်သုံးရေရရှိရေး ဆောင်ရွက်

ဘားအံ မတ် ၂၅

ကရင်ပြည်နယ် ဘားအံမြို့(၉) ရပ်ကွက် ဇွဲကပင်ကုန်း တိုးချဲ့ရပ်ကွက်တွင် ပြည်သူများ သောက်သုံးရေ အပြည့်အဝရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကြားအင်းတောင် အနောက်ဘက်ခြမ်းတွင် မတ် ၉ ရက်မှစတင်ကာ ရေလှောင်ကန်တည်ဆောက်ခြင်း၊ စက်ရေတွင်းတူးခြင်း၊ ရေစက်ရုံ တည်ဆောက်ခြင်းနှင့် ရေပိုက်လမ်းများ သွယ်တန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ရေတင်ပို့နိုင်ရေး၊ ဗို့အားပြည့်ဝစွာ မောင်းနှင်နိုင်ရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင့်မြင့်က ကြီးကြပ်ပြီး လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများဖြင့် ၁၁/၀ ဒသမ ၄ ကေဗွီ ၅၀ ကေဗွီအေ ဓာတ်အားခွဲရုံတစ်ရုံနှင့် ၁၁ ကေဗွီအေလိုင်း ပေ ၈၀၀ တည်ဆောက်ခြင်း လုပ်ငန်းတို့ကို အမြန်ဆုံးပြီးစီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက် လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။ **(ဝဲပုံ)**

နိုင်နိုင်ထွန်း (ကျူဒိုး)

ဓာတ်ဆီ ဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction) မှ သဘာဝတည်ငြိမ် လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

(မီးသတ်ဦးစီးဌာန)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသောအခြေအနေထိ ဖြစ်တတ်သည်။

လိုက်နာဆောင်ရွက်ရန်

သို့ဖြစ်၍ အပူဒဏ်ကြောင့်မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ် စေရန်အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ် စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနားများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့်၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

လက်ရှိရရှိထားသည့် ငြိမ်းချမ်းရေးကို ထာဝရငြိမ်းချမ်းရေးအဖြစ် နောင်လာမည့်မျိုးဆက်တို့အား လက်ဆင့်ကမ်းအမွေပေးနိုင်ရန် ကြိုးပမ်းသွားမည်

မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် Japan Platform မှ ကိုယ်စားလှယ် Ms. Keiko Kiyama တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၅

အစိုးရသစ် လက်ထက်တွင် အလှူရှင်နိုင်ငံများနှင့် အလှူရှင်များ လှူဒါန်းသည့်အကူအညီအထောက်အပံ့များအား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ လက်ဝယ်သို့ တိုက်ရိုက်လှူဒါန်းနိုင်သည့်စနစ်ကို ဆောင်ရွက်ထားပါကြောင်း၊ ထောက်ပံ့သည့်အကူအညီများကို အစိုးရက မကိုင်တွယ်တော့ဘဲ အလှူရှင်များကိုယ်တိုင် တိုက်ရိုက်လှူဒါန်းနိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံတကာမှ အထောက်အပံ့ အကူအညီများမရခင်ကာလ၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဂျပန်နိုင်ငံက ရှေးဦးစွာ ကူညီသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ လက်ရှိရရှိထားသည့် ငြိမ်းချမ်းရေးကို ထာဝရငြိမ်းချမ်းရေးအဖြစ်သို့ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး နောင်လာမည့် သားစဉ်မြေးဆက်တို့၏လက်ဝယ်သို့ထာဝရငြိမ်းချမ်းရေးအား လက်ဆင့်ကမ်းပေးနိုင်သည်အထိ ကြိုးပမ်းသွားမည်ဖြစ်ကြောင်းဖြင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ဂျပန်နိုင်ငံသံရုံး၌ကျင်းပသော မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံသစ် ဆောက်လုပ်ရေး စီမံကိန်းအတွက် ဂျပန်နိုင်ငံအစိုးရ၏ ထောက်ပံ့မှုအခမ်းအနားနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနနှင့် Japan Platform တို့ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနား၌ ပြောကြားသည်။

ဂျပန်နိုင်ငံ အသေးစားစီမံကိန်းများ ထောက်ပံ့ရေး အစီအစဉ်အရ ဂျပန်နိုင်ငံအစိုးရ၏ အထောက်အပံ့ပေးရေးသဘောတူစာချုပ်ကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Mikio NUMATA နှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန အမှုဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးလှိုင်တို့ လက်မှတ်ရေးထိုးကြပြီးစာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် ကရင်ပြည်နယ်တွင်လုပ်ဆောင်သွားရန်ရှိသော Japan Platform ၏ စီမံကိန်းများအတွက် မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် Japan Platform မှ ကိုယ်စားလှယ် Ms. Keiko Kiyama တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် ဂျပန်သံအမတ်ကြီး H.E. Mr. Mikio NUMATA တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်နေမှု၊ တည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဂျပန်နိုင်ငံအစိုးရက လွန်စွာအလေးထား အသိအမှတ်ပြုကြောင်း သိရှိရသည်။

တစ်ချိန်တည်းမှာပင် ဒေသခံများ၏ လူနေမှုဘဝ ဖွံ့ဖြိုးရေးအတွက် ရည်မှန်း၍ Japan Platform အား ဂျပန်နိုင်ငံအစိုးရက ထောက်ပံ့ကူညီမှုများပေးနေကြောင်း သိရသည်။ Japan Platform သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးပေါ်အထောက်အပံ့များပေးနေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကရင်ပြည်နယ်တွင်ပြုလုပ်သွားမည့် စီမံကိန်းများအတွက် အမေရိကန်ဒေါ်လာ ၁၁ သန်းကို သုံးနှစ်အတွင်း ဂျပန် NGO ၁၁ ဖွဲ့ဖြင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကာ ကရင်ပြည်နယ်အတွင်း စီမံကိန်းများအတွက် ဘဏ္ဍာငွေများကို NGO အဖွဲ့များသို့ Japan Platform မှ တိုက်ရိုက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနမှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် စာနယ်ဇင်းသမားများ တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

အကြမ်းဖက်မှုအားလုံးကို အစွမ်းကုန်တားဆီးကိုင်တွယ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သတင်းထုတ်ပြန်ရေးအဖွဲ့

သတင်းထုတ်ပြန်ချက် (၇/၂၀၁၃)

၁၃၇၄ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

၂၀၁၃ ခုနှစ်၊ မတ်လ ၂၅ ရက်

၁။ အစိုးရအဖွဲ့အနေဖြင့် လူမျိုးရေး၊ ဘာသာရေးအကြမ်းဖက်ရန် လှုံ့ဆော်မှုများ အပါအဝင် အကြမ်းဖက်မှုအားလုံးကို အများပြည်သူအကျိုးစီးပွားအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ အစွမ်းကုန်တားဆီးကိုင်တွယ်ဆောင်ရွက်သွားမည်။

၂။ အကြမ်းဖက်မှု၊ မီးလောင်ကျွမ်းမှုနှင့် အဓိကရုဏ်းများကြောင့် အိုးအိမ်စွန့်ခွာခဲ့ရသော ဒုက္ခသည် ပြည်သူလူထု၏ အရေးပေါ်စားဝတ်နေရေး၊ လုံခြုံရေးကို အပြည့်အဝကူညီဆောင်ရွက်သွားမည်။

၃။ လုံခြုံရေးအခြေအနေ တည်ငြိမ်လာသည်နှင့်အမျှ ဒုက္ခသည်များ ပြန်လည်နေရာချထားရေးကို အမြန်ဆုံးဆောင်ရွက်သွားမည်။

၄။ လိုအပ်သော လူသားချင်းစာနာသည့် အကူအညီများကို ပေးနိုင်ရန်အတွက် လူထုအခြေပြု လူ့အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်သွားမည်။

၅။ ပဋိပက္ခကြောင့် ခံစားထိခိုက်ခဲ့ရသည့် လူ့အဖွဲ့အစည်းများအကြား ယုံကြည်မှုပြန်လည်တည်ဆောက်နိုင်မည့် ဆွေးနွေးမှုများနှင့် စိတ်ခံစားမှုများကို ကုစားနိုင်မည့် အလုပ်ရုံဆွေးနွေးပွဲများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

၆။ ယခုအခါ နိုင်ငံတော်သည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ လုပ်ဆောင်နေသည်ဖြစ်ရာ ယင်းလုပ်ငန်းများကို ထိခိုက်မည့်အကြမ်းဖက်မှုများ၊ ဘာသာရေးအစွန်းရောက်မှုများကိုရှောင်ရှားကြပါရန် ပြည်သူများကို တိုက်တွန်းအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

ရွာမသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ၌ ၂၄၀ မဂ္ဂါဝပ်နှင့် ၅၂ မဂ္ဂါဝပ် ဓာတ်အားပေးစက်များ အသစ်တိုးချဲ့တည်ဆောက်

ရန်ကုန် မတ် ၂၅

ရန်ကုန်တိုင်းဒေသကြီးအတွင်း သဘာဝဓာတ်ငွေ့သုံး စက်ရုံများတွင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ကြီးများကို တိုးချဲ့တည်ဆောက်လျက်ရှိရာ ရွာမစက်ရုံဝင်းအတွင်း 4MW × 13=52 MW ဓာတ်အားပေးစက်များတည်ဆောက်နေမှုကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် မတ် ၂၃ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ယခုနှစ်နွေရာသီအမီ ဓာတ်အားပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် စက်ရုံမှ ထွက်လာသော ဓာတ်အားများကို နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ချိတ်ဆက်၍ ပြည်သူလူထုသို့ ဓာတ်အားအပြည့်အဝပေးနိုင်ရေး အလေးထားဆောင်ရွက်သွားရန်၊ လုပ်ငန်းလိုအပ်ချက်များအား အချိန်နှင့်တစ်ပြေးညီ တင်ပြရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး စနစ်တကျဆောင်ရွက်သွားရန် မှာကြားသည်။

အဆိုပါ ဓာတ်အားပေးစက်များမှာ ဂျာမနီနိုင်ငံ Caterpilar ကုမ္ပဏီမှ ထုတ်လုပ်သော ဓာတ်အားပေးစက်များဖြစ်သည်။

ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်သည့် အမေရိကန်ဒေါ်လာသန်း ၁၅၀ တန်ဖိုးရှိ Mitsubishi Gas Turbine ၁၂၀ မဂ္ဂါဝပ် နှစ်လုံးအနက် ပထမတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများမှာ မြန်မာနိုင်ငံသို့ မတ် ၁၁ ရက်တွင် ရောက်ရှိလာခဲ့ပြီး ဒုတိယတာဘိုင်စက်နှင့် ဆက်စပ်ပစ္စည်းများကို သယ်ဆောင်လာသော HHL HAMBURG သင်္ဘောသည် မတ် ၁၉ ရက်တွင် ဗိုလ်အောင်ကျော်ဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ၅၂ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံတည်ဆောက်မည့် Gas Generator ၁၃ လုံး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ထိုင်းနိုင်ငံမှ လွှဲပြောင်းပေးအပ်သော ၁၂၀ မဂ္ဂါဝပ် ဓာတ်အားပေး စက်နှစ်လုံး တည်ဆောက်မည့်မြေနေရာ ရွေးချယ်ထားရှိမှု၊ Foundation Pile ရိုက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ရွာမသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ အမှတ်(၃) NEDO စက်အားအကြီးစားပြုပြင် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

နိုင်ငံတော်နှင့် ပြည်သူလူထု၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အလုံဓာတ်အားပေးစက်ရုံတွင် (၁၂၀) မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံ၊ လှော်ကားဓာတ်အားပေးစက်ရုံနှင့် သာကေတ ဓာတ်အားပေးစက်ရုံများတွင်(၅၀)မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံများကို တစ်ပြိုင်တည်း အကောင်အထည်ဖော်တည်ဆောက်လျက်ရှိပြီး ထွက်ရှိလာသောဓာတ်အားများကို နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍ ယခုနှစ် နွေရာသီအမီ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များသို့ ဓာတ်အားအပြည့်အဝပေးနိုင်ရေး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့၌ ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအတွက် စေတနာရှင်ပြည်သူများကအလှူငွေနှင့်ထောက်ပံ့ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိ

နေပြည်တော် မတ် ၂၅

မကြာမီရက်ပိုင်းအတွင်းက ဆူပူအကြမ်းဖက်မှုဖြစ်ပွားခဲ့သော မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့သည် ယခုအခါ အခြေအနေများ ပြန်လည်တည်ငြိမ်အေးချမ်းသွားပြီ ဖြစ်ရာ ဒေသခံပြည်သူများသည် ၎င်းတို့၏ နေ့စဉ် လုပ်ငန်းဆောင်တာများကို ပုံမှန်ဆောင်ရွက်နေကြပြီ ဖြစ်သည်။ မိတ္ထီလာမြို့ပေါ်၌ နံနက်ပိုင်းမှ စတင်၍ ဈေးများတွင် ဈေးရောင်း၊ ဈေးဝယ်သူများဖြင့်လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ကမ္ဘောဇဘဏ်တို့တွင် ငွေသွင်း၊ ငွေထုတ်သူများဖြင့်လည်းကောင်း စည်ကားလျက်ရှိသည်။

ထို့ပြင် မိတ္ထီလာမြို့ပေါ်၌ ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံလျက်ရှိကြသော ဒုက္ခသည်များအတွက် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများ၊ ကုမ္ပဏီများနှင့် အဖွဲ့အစည်းများက မော်တော်ယာဉ်များဖြင့် လာရောက်၍ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို လှူဒါန်းလျက်ရှိကြသည်။

မိတ္ထီလာမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအတွက် မတ် ၂၃ ရက်နံနက်ပိုင်းမှ စတင်၍ စေတနာရှင်ပြည်သူများ၊ ကုမ္ပဏီများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အဖွဲ့အစည်းများကအလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိရာတွင် ယနေ့မွန်းလွဲပိုင်းအထိ ခေါက်ဆွဲခြောက် ၁၇၈၀၆၆ ထုပ်၊ ရေသန့် ၁၁၄၄၉၆ ဘူး၊ မုန့်မျိုးစုံ ၄၄၆၃၉ထုပ်၊ အချိုရည်၁၇၉၆ ဘူး၊ ဓာတ်ဆားထုပ် ၃၀၀၀၊ ကော်ဖီမစ်ထုပ် ၁၀၀၀၀၊ ဆန် ၂၂၇၁ အိတ်၊ ဆီ ၁၁၂၂ပိဿာ၊ ကြက်ဥအလုံး၃၃၉၀၀၊ ပိတ်စ သုံးထုပ်၊ အဝတ်အထည် ၁၉ ထုပ်၊ ဆေးဝါးမျိုးစုံ တစ်သေတ္တာ၊ မိုးကာ ၁၀ ထည်၊ ဖိနပ်အရန် ၄၀၀၀၊ ပလတ်စတစ်ဖျာအချပ် ၂၀၀၀၊ ကုလားပဲပိဿာ ၃၀၀၀၊ ငါးသေတ္တာဘူး ၃၀၀၀ တို့ဖြစ်ပြီး အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၅၃၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းမှ မွန်းလွဲပိုင်းအထိ မိတ္ထီလာမြို့ ဆက်သွယ်ရေးဝန်ထမ်းရိပ်သာ၌ ဖွင့်လှစ်ထားသော အလှူငွေနှင့် ပစ္စည်းလက်ခံရာဌာနသို့ စေတနာရှင်ပြည်သူများ လာရောက်လှူဒါန်းလျက်ရှိကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်(ဗဟို)က ငွေကျပ်သိန်း ၃၀၊ မိတ္ထီလာခရိုင်အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်ငါးသောင်း၊ မိတ္ထီလာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ငွေကျပ်ငါးသောင်း၊ မိတ္ထီလာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ်နှစ်သောင်း၊ မိတ္ထီလာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်တစ်သောင်း၊ မန္တလေးကျောက်စိမ်း ရောင်းဝယ်ရေးက ခေါက်ဆွဲခြောက်ထုပ် ၂၈၀၀၊ ရေသန့်ဘူး ၁၅၀၀နှင့် မုန့်မျိုးစုံအထုပ် ၃၁၂၀၊ ကျောက်ဆည်မိသားစုက ရေသန့် ၃၈၄ဘူး၊ မုန့်မျိုးစုံ၅၂၈ ထုပ်၊ အဝတ်အထည် တစ်ထုပ်၊ ဆေးဝါးတစ်သေတ္တာနှင့် တစ်အိတ်၊ အောင်မြင်သူကုမ္ပဏီများအုပ်စုက ရေသန့်ဘူး ၂၃၄၀ နှင့် ဆန်အိတ် ၉၀၊ ရာမေတ္တာလူမှုကူညီရေးအသင်းက ခေါက်ဆွဲခြောက်ထုပ် ၃၀၀၊ ရေသန့်ဘူး ၁၈၀ နှင့် ဆန်အိတ် ၈၀၊ ကျင်းလုံမြန်မာက ခေါက်ဆွဲခြောက်ထုပ်၉၀၀၀၊ ရေသန့် ၁၅၂၇၆ ဘူးနှင့် ဆန်အိတ် ၃၀၀၊ ဒေဝင်အုပ်စုကုမ္ပဏီက ဆန်အိတ် ၈၀၊ KTM သောက်ရေသန့်က ရေသန့်ဘူး ၃၀၀၀၀၊ နိုင်ငံရေး အကျဉ်းသားများကူညီရေးအဖွဲ့က ခေါက်ဆွဲခြောက်ထုပ် ၁၆၅၀၊ မုန့်မျိုးစုံအထုပ် ၂၀၀၊ အချိုရည် ၅၇၆ဘူးနှင့် အဝတ်အထည် ၈၈ ထည်၊ တော်ဝင်ဖောင်ဒေးရှင်းက ဆန်အိတ် ၁၅၀၊ မြို့တော်ဘီစကစ်က မုန့်မျိုးစုံ ၅၁၄၈ ထုပ်၊ ဆန်အိတ် ၁၀၀၊ ပဲဆီပိဿာ ၃၀၀၀ နှင့် ငါးသေတ္တာဘူး ၃၀၀၀ တို့ကို လာရောက်လှူဒါန်းခဲ့ကြသည်။

စေတနာရှင်ပြည်သူများအနေဖြင့် မိတ္ထီလာမြို့ရှိ ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များထံ တစ်ဦးချင်းကိုယ်တိုင်ကိုယ်ကျ လှူဒါန်းလိုပါက မိတ္ထီလာမြို့ ဆက်သွယ်ရေးဝန်ထမ်းရိပ်သာ၌ ဖွင့်လှစ်ထားသည့် အလှူငွေနှင့် ပစ္စည်းလက်ခံရာဌာနသို့ လာရောက်သတင်းပို့၍ ကယ်ဆယ်ရေးစခန်းများသို့ ကိုယ်တိုင်သွားရောက်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး မိတ္ထီလာမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၂၅

မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးတို့သည် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် မိတ္ထီလာမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **(ယာပုံ)**

နံနက် ၈ နာရီ ၄၅ မိနစ်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက်ရှိ ကိုးနဝင်းပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိကြပြီး မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ကျောင်းတိုက်ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသုမနအား ဖူးမြော်ကြည်ညိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာတော်ထံ ဆွမ်းဆန်တော်၊ ဆီနှင့် ဆေးဝါးပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်မျိုးအောင်ရပ်ကွက်ရှိ သာသနဝေပုလ္လကျောင်းတိုက်သို့ ရောက်ရှိကြပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ကျောင်းတိုက်ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကောဝိဒအား ဖူးမြော်ကြည်ညိုကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆရာတော်ထံ ဆွမ်းဆန်တော်၊ ဆီနှင့် ဆေးဝါး ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုးနှင့် အဖွဲ့ဝင်များသည် ကျီတော်ကုန်းရပ်ကွက်ရှိ ဝမ်းတော်ပြည့် ကျောင်းတိုက်သို့ ရောက်ရှိကြပြီး ကျောင်းတိုက်ပဓာနနာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝဏ္ဏိသအား ဖူးမြော်ကြည်ညိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာတော်ထံ ဆွမ်းဆန်တော်၊ ဆီနှင့် ဆေးဝါးပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုးနှင့် အဖွဲ့ဝင်များသည် ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်သည့် ဓာတ်တော်တိုက်ရှိ ဓာတ်တော်များကို ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နန်းတော်ကုန်းရပ်ကွက်ရှိ သဒ္ဓမ္မဝံသာရုံပါဠိ တက္ကသိုလ်စာသင်တိုက်သို့ရောက်ရှိကြပြီး ကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏိကအား ဖူးမြော်ကြည်ညိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာတော်ထံ ဆွမ်းဆန်တော်၊ ဆီနှင့် ဆေးဝါးပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် မိတ္ထီလာမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုစဉ်အတွင်း ဆရာတော်များအား ဆူပူအကြမ်းဖက်မှုဖြစ်ပွားစဉ်က ဆရာတော်၊ သံဃာတော်များ၏ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးခဲ့မှုအပေါ် ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုကဲ့သို့ဖြစ်စဉ်များ ထပ်မံဖြစ်ပွားခြင်းမရှိစေရေးအတွက် ဆက်လက်ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးစေလိုပါကြောင်းဖြင့် လျှောက်ထားခဲ့သည်။

မကြာမီ ရက်ပိုင်းအတွင်းက မိတ္ထီလာမြို့ပေါ်၌ ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်ကြောင့် မိတ္ထီလာမြို့ပေါ်ရှိ ကျောင်းတိုက်/စာသင်တိုက် ၁၆ တိုက်၌ ဒုက္ခသည် စုစုပေါင်း ၃၂၉၃ ဦး ယာယီခိုလှုံလျက်ရှိပြီး အဆိုပါဒုက္ခသည်များနှင့် ကျောင်းနေသံဃာတော်များအတွက် စုစုပေါင်းဆန်အိတ် ၅၅၀ နှင့် ဆီပိဿာ ၅၃၀ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မိတ္ထီလာမြို့ပေါ်တွင် အခြေအနေများ တည်ငြိမ်အေးချမ်း နယ်မြေခံတပ်မတော်သားများနှင့် ဝန်ထမ်းများ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၂၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ မတ် ၂၀ ရက်မှ စတင်ဖြစ်ပွားခဲ့သော ဆူပူအကြမ်းဖက်မှုများအား တာဝန်ရှိသူများ၏ ဆောင်ရွက်မှုကြောင့် မိတ္ထီလာမြို့ပေါ်တွင် အခြေအနေများ တည်ငြိမ်အေးချမ်းလျက်ရှိပြီး အသွားအလာမပျက် ရောင်းဝယ်ဖောက်ကားလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

ဆူပူအကြမ်းဖက်မှု ဖြစ်ပွားစဉ် ပျက်စီးခဲ့သော အပျက်အစီးများအား နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများနှင့် စည်ပင်သာယာဝန်ထမ်းများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းကာ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် အပျက်အစီးများကြားမှ အမည်မဖော်ပြနိုင်သော သေဆုံးသူ ရှစ်ဦး၏ ရုပ်အလောင်းများအား ထပ်မံတွေ့ရှိခဲ့သဖြင့် မတ် ၂၄ ရက် ညနေပိုင်းအထိ မိတ္ထီလာဖြစ်စဉ်၌ သေဆုံးသူ စုစုပေါင်းမှာ ၄၀ ဦးရှိပြီ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့အခြေအနေတည်ငြိမ်အေးချမ်းလျက်ရှိ

ရန်ကုန် မတ် ၂၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ မတ် ၂၀ ရက်တွင် စတင်ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုကို အခြေခံ၍ တည်ငြိမ်အေးချမ်းမှုကို မလိုလား မရှုဆိတ်သူတစ်စုက ရန်ကုန်မြို့၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးနှင့် ယုဇနပလာဇာတို့၌ ကောလာဟလများကြောင့် ဈေးဆိုင်ခန်းပိတ်သိမ်းမှုများ ဖြစ်ပွားခဲ့သည်။ ယင်းဖြစ်စဉ်ဖြစ်ရပ်မှာ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေလိုသူအချို့၏ ကောလာဟလစကားများကို ယုံကြည်မိရာမှ ယခုကဲ့သို့ ဈေးဆိုင်ပိတ်သိမ်းမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းနှင့် မည်သို့သောအကြမ်းဖက်မှု ဆူပူမှုမျှ ဖြစ်ပွားခဲ့ခြင်းမရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်အသီးသီး၌ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက မြို့နယ်/ရပ်ကွက်အလိုက် တည်ငြိမ်အေးချမ်းမှုရှိအောင် အလေးထားနှိုးဆော်ဆောင်ရွက်လျက်ရှိသည်။**(အောက်ပုံ)**

"ပြည်သူများအနေဖြင့် မည်သည့်ကောလာဟလကိုမျှ မယုံကြည်ကြရန်လိုကြောင်း၊ ရန်ကုန်မြို့၏ လက်ရှိအခြေအနေမှာ တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း၊ လုံခြုံရေးဆိုင်ရာများကိုလည်း စနစ်တကျ စီမံထားရှိကြောင်း"ဖြင့် ရန်ကုန်တိုင်းဒေသကြီး သက်ဆိုင်ရာတာဝန်ရှိသူမှ သတင်းအဖွဲ့သို့ ရှင်းပြခဲ့သည်။

(သတင်းစဉ်)

မိတ္ထီလာမြို့အတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေး တပ်မတော်မှ လှည့်ကင်းများဆောင်ရွက်ပေး

နေပြည်တော် မတ် ၂၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ မတ် ၂၀ ရက်မှ စတင်ဖြစ်ပွားခဲ့သော ဆူပူအကြမ်းဖက်မှုများသည် မတ် ၂၂ ရက် ညနေပိုင်းတွင် အရေးပေါ် အခြေအနေကြေညာခဲ့ပြီး တပ်မတော်နှင့် တာဝန်ရှိသူများ၏ လုံခြုံရေးအပြည့်အဝဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ယခုအခါတွင် မိတ္ထီလာမြို့အတွင်း၌ တည်ငြိမ်အေးချမ်းလျက်ရှိသည်။

ထိုသို့ တည်ငြိမ်အေးချမ်းလျက်ရှိခြင်းအပေါ် မလိုလားအပ်သော ဆူပူအကြမ်းဖက်မှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် တပ်မတော်သားများမှ နေ့ညမပျက်လုံခြုံရေးများ ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၂၃ ရက်နှင့်၂၄ ရက် ညပိုင်းများတွင် သဲတော၊ ဝမ်းတွင်း၊ မလှိုင်မြို့၊ မိတ္ထီလာမြို့အတွင်းနှင့်ပတ်ဝန်းကျင်ကျေးရွာများသို့ မော်တော်ယာဉ်များဖြင့်လည်းကောင်း **(အပေါ်ပုံ)**၊ လမ်းလျှောက်၍ လည်းကောင်း၊ လှည့်ကင်းများ ဆောင်ရွက်ပေးခြင်း၊ နေရပ်သို့ ပြန်လည်ရွှေ့ပြောင်းလိုသော ကျေးရွာသူ၊ ကျေးရွာသားများအား ကူညီရွှေ့ပြောင်းပေးခြင်း၊ ကားလမ်းတစ်လျှောက် ယာဉ်သွားလာမှုများအား အနှောင့်အယှက်ဖြစ်စေမည့် မော်တော်ယာဉ်အပျက်အစီးများနှင့် အဆောက်အအုံအပျက်အစီးများအား ရှင်းလင်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





မိတ္ထီလာမြို့၌ အေးချမ်းတည်ငြိမ်သော အခြေအနေပြန်လည်ရရှိ ဒုက္ခသည်များအား ပြန်လည်နေရာချထားရေးဆောင်ရွက်ပေးနေ

တွေ့ဆုံမေးမြန်း
မောင်စိန်လွင် (မြန်မာ့အလင်း)

မိတ္ထီလာ မတ် ၂၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့၌ မတ် ၂၀ ရက်က ဖြစ်ပွားခဲ့သော ဆူပူအကြမ်းဖက်မှုများမှာ ယခုအခါတည်ငြိမ်အေးချမ်းနေပြီး ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။ ယခုကဲ့သို့အချိန်အနည်းငယ်အတွင်း ပုံမှန်အခြေအနေသို့ပြန်လည်ရောက်ရှိလာစေရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၃)ဖြင့် အရေးပေါ်အခြေအနေ ကြေညာချက်ကို မတ် ၂၂ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ဗဟိုကွပ်ကဲမှုအဖွဲ့အပါအဝင်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ကာ နေ့စဉ်၊ ညဆက် အချိန်နှင့် တစ်ပြေးညီ ဝိုင်းဝန်းဆောင်ရွက်မှုကြောင့် ယခုအခါတွင် မိတ္ထီလာမြို့သည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိလာနေပြီဖြစ်သည်။

သို့ဖြစ်၍ မိတ္ထီလာမြို့ တည်ငြိမ်အေးချမ်းပြီး မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအတွက် နေ့မအား ညမနား အရှိန်အဟုန်ဖြင့်လုပ်ဆောင်ပေးနေသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ တာဝန်ရှိသူများအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးကြီး အောင်ကျော်မိုးနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ရာ-

တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုး။

မေး - မိတ္ထီလာမြို့မှာ မတ် ၂၀ ရက်က စတင်ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုကို အခုလို အချိန်အနည်းငယ်အတွင်း အမြန်ဆုံး ပုံမှန်အခြေအနေ ရောက်အောင် ဘယ်လိုဖွဲ့စည်း ညှိနှိုင်းပေါင်းစပ်ပြီး ဘယ်လို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တယ်ဆိုတာကို သိပါရစေ။

ဖြေ - ကျွန်တော်တို့အဖွဲ့အနေနဲ့ အခုလို အချိန်တိုတိုအတွင်းမှာ အမြန်ဆုံး ပုံမှန်အခြေအနေရောက်အောင် ဆောင်ရွက်နိုင်ခဲ့တာကတော့ တိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့ အနီးကပ်ကြီးကြပ်မှုနဲ့ ရဲတပ်ဖွဲ့ဝင်တွေ၊ တပ်မတော်သားတွေ၊ သံဃာတော်တွေရဲ့ ပူးပေါင်းကူညီမှုကြောင့် ဖြစ်ပါတယ်။ ဖြစ်ဖြစ်ချင်း ၂၀ ရက်နေ့ကဆို ကျွန်တော်တို့ ချက်ချင်း ဒီမြို့ကို ရောက်အောင်လာကြပြီး မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့တွေနဲ့ ပူးပေါင်းပြီးဆောင်ရွက်ခဲ့တာ တော်တော်တည်ငြိမ်သွားခဲ့ပါတယ်။ မတ် ၂၁ ရက်နေ့မှာ ပြည်သူတွေကြား သွေးထိုးလှုံ့ဆော်မှုကြောင့် ကောလာဟလသတင်းတွေ ထွက်ပေါ်လာပြီး အကြမ်းဖက်မှုများ ပြန်လည်ဖြစ်ပွားလာခဲ့ပါတယ်။ အဲဒါကြောင့် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ပုဒ်မ ၁၄၄ ထုတ်ပြန်ခဲ့ပြီး ထိန်းကျောင်းခဲ့ပါတယ်။ ဒါပေမယ့် အခြေအနေပိုဆိုးလာတာကြောင့် အရေးပေါ် အခြေအနေကြေညာချက်ထုတ်ပြန်ပြီး တပ်အင်အားယူလိုက်တဲ့အခါမှာ သိသိသာသာနဲ့ အေးချမ်းသွားတာဖြစ်ပါတယ်။ အခုလို ပုံမှန်အခြေအနေ ဖြစ်လာတာကတော့ ကျွန်တော်တို့အဖွဲ့ အပါအဝင် ဘာသာပေါင်းစုံမှ ခေါင်းဆောင်တွေ၊ သံဃာတော်တွေအပါအဝင် ဘက်ပေါင်းစုံက ညီညီညွတ်ညွတ်နဲ့ လုပ်ဆောင်ခဲ့ကြလို့ အခုလို အမြန်ဆုံး အေးချမ်းသွားတာဖြစ်ပါတယ်။

မေး - ပဋိပက္ခကြောင့် မိတ္ထီလာမြို့အတွင်းရှိ သက်ဆိုင်ရာရုံး အဆောက်အအုံတွေ၊ ဘဏ်တွေ၊ ဈေးကြီးတွေ အခြေအနေအရပ်ရပ်ကြောင့် ပိတ်ခဲ့ရတယ်လို့ သိရပါတယ်။ အဲဒါတွေရောဘယ်တော့ပြန်လည်ဖွင့်လှစ်ဖို့ ရည်ရွယ်ထား ပါသလဲခင်ဗျာ။

ဖြေ - မြို့အတွင်းမှာသက်ဆိုင်ရာ ရုံးအဆောက်အအုံတွေ၊ ဘဏ်တွေ၊ မြို့မဈေးတွေ ပိတ်ထားတယ်ဆိုတာကလည်း အခြေအနေအရပါ။ ဒီနေ့ဆိုပဲ အချို့ရုံးတွေ၊ ဘဏ်တွေနဲ့ဈေးအချို့ စဖွင့်နေကြပါပြီ။ မြို့မဈေးကြီးကိုလည်း ယခုလို ပုံမှန်အခြေအနေ ဖြစ်သွားပြီဆိုရင်အမြန်ပြန်ဖွင့်လှစ်နိုင်အောင် ကျွန်တော်တို့ စီစဉ်နေပါတယ်။

ဆက်လက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းထွဋ်ဆွေအား မေးမြန်းဖြစ်ခဲ့ရာ-

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းထွဋ်ဆွေ။

မေး - မိတ္ထီလာမြို့ ဆူပူအကြမ်းဖက်မှုမှာ အိုးမဲ့အိမ်မဲ့ဖြစ်သွားတဲ့ ပြည်သူတွေ ယနေ့အထိ ၉၀၀၀ကျော်ရှိသွားပြီလို့ သိရပါတယ်။ အဲဒီ ဒုက္ခသည် ပြည်သူတွေကိုဘယ်လိုပုံစံမျိုးဖြင့် ကူညီစောင့်ရှောက်ပေးထားပြီးတော့သူတို့ရဲ့အနာဂတ်အတွက် ဘယ်လို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမယ်ဆိုတာသိလိုပါတယ်။

ဖြေ - လက်ရှိအနေအထားအရတော့ တည်ငြိမ်နေပြီဖြစ်တဲ့အတွက် ဒုက္ခသည်တွေကို လုံခြုံတဲ့နေရာတွေမှာထားပြီး စားရေး၊ သောက်ရေး၊ ဝတ်ရေးကအစ အဆင်ပြေအောင် မြို့တွင်း အထကကျောင်းတွေမှာ စခန်းငါးခုဖွင့်ပြီး လုပ်ဆောင်ပေးလျက်ရှိပါတယ်။ ကယ်ဆယ်ရေးစခန်းတွေကို ကိုယ်တိုင်သွားရောက်လှူဒါန်းလိုတဲ့လူ၊ ပုဂ္ဂိုလ်အဖွဲ့အစည်းများအနေနဲ့ ယာယီဖွင့်လှစ်ထားတဲ့ ဆက်သွယ်ရေးရိပ်သာကို လာရောက်စာရင်းပေးသွင်းပြီးနောက် စခန်းရဲများရဲ့ အင်အားပေါ်မူတည်ပြီး စီမံခန့်ခွဲသွားရောက်လှူဒါန်းနိုင်အောင်ကျွန်တော်တို့ဆီက စီစဉ်ဆောင်ရွက်ပေးနေပါတယ်။ သူတို့ရဲ့အနာဂတ်အတွက်ကိုတော့ အထက်လူကြီးများရဲ့ လမ်းညွှန်မှုနဲ့အညီအဆင်ပြေအောင် လုပ်ဆောင်ပေးသွားမှာပါ။

မေး - ဒုက္ခသည်တွေကို ဝန်ကြီးဌာနတွေ၊ NGO အဖွဲ့အစည်းတွေ၊ စေတနာရှင် ပြည်သူတွေ စဉ်ဆက်မပြတ်ကူညီထောက်ပံ့ နေတယ်လို့ သိရပါတယ်။ အဲဒီစေတနာရှင်အဖွဲ့ အစည်းတွေကလှူဒါန်းခဲ့ကြတဲ့ တန်ဖိုး အခြေအနေနဲ့ နောင်ရောလာရောက်လှူဒါန်းမယ့် အဖွဲ့အစည်းတွေ ကမ်းလှမ်းထားမှု ရှိမရှိ သိလိုပါတယ်ခင်ဗျား။

ဖြေ - ထောက်ပံ့ရေးပစ္စည်းတွေ ယနေ့အထိ စဉ်ဆက်မပြတ် လှူဒါန်းနေကြပါတယ်။ ယနေ့အထိ လူသုံးကုန်နဲ့ ဆေးဝါးစုစုပေါင်းခန့်မှန်း တန်ဖိုး တစ်ထောင့်တစ်ရာ ငါးဆယ့်ကိုးသိန်းရှစ်သောင်း နှစ်ထောင်ငါးရာ့ ငါးဆယ်အထိရှိပြီးတော့ ငွေသားအနေနဲ့ကတော့ ရှစ်ဆယ့်လေးသိန်း ရှစ်သောင်း ရှစ်ထောင်ကို လက်ခံရရှိထားပြီး ဖြစ်ပါတယ်။ ၎င်းပစ္စည်းတွေနဲ့ ငွေကိုလည်း သူတို့အတွက်ပဲ စားဝတ်နေရေးကအစ တန်ဖိုးနည်းနေအိမ်များ ပြန်လည်တည်ဆောက်ပြီး အခြေတကျဖြစ်သွားအောင် အကောင်အထည်ဖော် လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအောင်ထွဏ်း(ပြည်သူ့ကျန်းမာ)အား တွေ့ဆုံမေးမြန်းခဲ့ရာ-

မေး - အခုလိုဒုက္ခသည်စခန်းတွေမှာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဘယ်လိုကျန်းမာရေးစောင့်ရှောက်မှုတွေ လုပ်ဆောင်ပေးပြီး ဝန်ထမ်းအင်အားဘယ်လောက်နဲ့ကူညီစောင့်ရှောက်မှုတွေ ပြုလုပ်ပေးနေတယ်ဆိုတာ သိချင်ပါတယ်။

ကျန်းမာရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ အောင်ထွဏ်း (ပြည်သူ့ကျန်းမာ)။

ဖြေ - ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ကတော့ ဒုက္ခသည်စခန်းတွေကို သွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့လေးတွေဖွဲ့ပြီး ကုသမှုပေးလျက်ရှိပါတယ်။ အခုဆိုရင် ကယ်ဆယ်ရေးစခန်းငါးခုမှာ အဖွဲ့တစ်ဖွဲ့စီခွဲပြီးတော့ ညွှန်ကြားရေးမှူးအဆင့်ရှိ အရာရှိတစ်ဦး၊ ဒေါက်တာတစ်ဦး၊ ကျန်းမာရေးမှူးတစ်ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမတစ်ဦး၊ သားဖွားမီးယပ်ဆိုင်ရာ ဆရာမတစ်ဦးတို့ပါဝင်တဲ့ အဖွဲ့တွေကိုဖွဲ့ပြီး ဗဟိုကွပ်ကဲမှုလက်အောက်ရှိ ကျန်းမာရေးဆပ်ကော်မတီအနေနဲ့ ဒုညွှန်ချုပ် အပါအဝင် ကျန်းမာရေးဝန်ထမ်း ၃၄၂ ဦးက နေ့မနား၊ ညမနား လိုအပ်သလို လုပ်ဆောင်ပေးလျက်ရှိပါတယ်။

မေး - ဒုက္ခသည်အများစုရဲ့ လက်ရှိကျန်းမာရေး အခြေအနေနဲ့ပတ်သက်ပြီး သိလိုပါတယ်။လက်ရှိတားဆီးကာကွယ်နေရတဲ့ ရောဂါ၊ အဖြစ်များတဲ့ ရောဂါ အခြေအနေကိုလည်း သိပါရစေ။

ဖြေ - ဒုက္ခသည်အများစုရဲ့ လက်ရှိကျန်းမာရေး အခြေအနေကတော့ ကောင်းပါတယ်။ အထူးသဖြင့် အိမ်သာတွေက အားနည်းတော့ ဝမ်းပျက်၊ ဝမ်းလျှောရောဂါကိုပဲ အထူးကာကွယ်ပေးနေရပါတယ်။ ကယ်ဆယ်ရေးစခန်းတွေရဲ့လက်ရှိ အနေအထားကတော့ အသေအပျောက် လုံးဝမရှိပါဘူး။ ရောဂါကြီးကြီးမားမားလည်း လုံးဝမရှိပါဘူး။ သွေးတိုး၊ နှလုံးလောက်ပဲရှိပါတယ်။ ဆေးနဲ့ဆေးပစ္စည်းတွေလည်း ဒီမြို့မှာရှိတဲ့ အထူးရန်ပုံငွေဆေးသိုလှောင်ရေးအဖွဲ့၊ ရန်ကုန်မြို့နဲ့မန္တလေးမြို့မှာရှိတဲ့ ဗဟိုဆေးသိုလှောင်ရေးအဖွဲ့တွေက အဆက်မပြတ်ပို့ဆောင်ပေးနေလို့ဆေးနဲ့ပတ်သက်ပြီး လုံလုံလောက်လောက်ရှိပါတယ်" ဟု ပြောပြခဲ့သည်။

မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြင်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေးမှု အခြေအနေ

ရန်ကုန် မတ် ၂၅

အကောက်ခွန် ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှဝယ်ယူတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့သည့် ၂၅-၁၀-၂၀၁၁ ရက်မှ ၂၅-၃-၂၀၁၃ရက်အထိ (၁၇)လတာကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၁၄၈၄၀၀ စီးဖြစ်ပြီး နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် ၂၃၄၁၆၀ ဒသမ ၄၀ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန် ၂၄၀၅၈၃ ဒသမ ၄၁ ကျပ်သန်း၊ စုစုပေါင်း ၄၇၄၇၄၃ ဒသမ ၈၁ ကျပ်သန်းအား ကောက်ခံရရှိပြီးဖြစ်သည်။ အဆိုပါအကောက်ခွန် (CD) နှင့်ကုန်သွယ်လုပ်ငန်းခွန် (CT) များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့်ယာဉ်များအနက် ယာဉ်အိုယာဉ်ဟောင်းအစား ထိုးလဲလှယ်ရေးစီမံချက်အတွက် ၆၅၇၁၅ စီး၊ ကားအရောင်းပြခန်းများအတွက် ၃၂၃၆၄ စီး၊ သဘော်သားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၇၂၈ စီး၊ ပြင်ပနေ အလုပ်လုပ်သူများ ပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၄၀ စီး၊ ဟိုတယ်ခရီးဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၆ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃၃၄၅ စီးတို့ဖြစ်ကြောင်း သိရှိရသည်။ (စံအောင်ဖြူ)

ပြည်တွင်းသတင်း

(၆၈)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) နိုင်ငံတော်၏အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။

(ဂ) ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

(ဃ) နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ပေါ်လာစေရေး။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်နေ့
(ဥပုသ်နေ့)
၂၆-၃-၂၀၁၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ နံနက်ခင်းသတင်း
၇း၄၀ International News
၇း၄၅ ပြည်သူတို့ရဲ့စကားသံများ
၈း၀၀ **ကြည်ညိုမကုန်အံ့ဖွယ်စုံ လေးဆူဓာတ်ပုံရွှေတိဂုံ**
၈း၃၀ (၆၈)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

ညပိုင်း

၄း၀၀ ရုပ်မြင်သံကြားအဖွင့်တေး
၄း၁၀ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၄း၄၅ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီးနှင့် နိုင်ငံတော်သံစုံတီးဝိုင်း တွဲဖက်ဖျော်ဖြေတင်ဆက်မှု အစီအစဉ်
၅း၁၀ (၆၈)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅း၃၀ SEA Games (Go For Gold) (ဗွီဒီနမ်)
၅း၅၀ ပြည်သူတို့ရဲ့စကားသံများ
၆း၀၀ ညနေခင်းသတင်း
၆း၁၅ မိုးလေဝသအခြေအနေ
၇း၀၀ ပြည်တွင်းသတင်း
၇း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုမငြီးတဲ့ချစ်သမီး** (ဒုတိယတွဲ) (အပိုင်း-၃၂)
၈း၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- **ရဟန်းစားရသော ဆွမ်းတစ်နပ်** ဇော်လင်း၊ အံ့ကျော်၊ မြတ်သစ် (ဒါရိုက်တာ-မောင်နှင်းမိုး)
၁၀း၀၀ ပြည်တွင်းသတင်း
- အိန္ဒိယရုပ်ရှင် **ဘယ်အခါပျက်မရတဲ့သစ္စာ** (ဇာတ်သိမ်း)

ရှေ့တန်းပြန်

❖ လျှိုမြောင်စိမ့်စမ်း တောတန်းတောင်ထပ်ကျော်
လက်နက်စုံပိုက် ငမိုက်သားမြေပေါ်
တိုင်းပြည်ကျူးကျော် ရဲဘော်သတ္တိ
တိုက်ခိုက်စွမ်းရည် မလျှော့ပြီ
နီရဲစိတ်ဓာတ်ပြည့်သည်နှင့်လေး။

❖ ကိုယ့်ပြည်ကိုထိ တစ်စိမခံချင်
မြေလွှာသင်ဖြူး ဆူးမွှေ့ရာသွင်
ခရီးကြမ်းနှင် ရေပြင်ကျယ်ဖြတ်
မကြောက်ရွံ့ပြီ အောင်လံချီ
မြန်ပြည်သားကောင်း မြတ်သည်နှင့်လေး။

❖ ပြည့်စစ်သည်တပ် ချစ်မြတ်စိတ်ထားမွန်
အသက်ကိုစွန့် မတွန့်ရှုပ်ရှုပ်ချုံ
အားမာန်စိုက်သွန် ပြည်ဝန်ထမ်းခွဲ
တို့မြေပေါ်ဆီ ရန်သူမည်
အောင်စည်ပွဲနွှဲသည်နှင့်လေး။

❖ တောထဲတောင်ထဲ တိုက်ပွဲမှအပြန်
မြို့ရွာလူထု ပေါင်းစုကြိုဆိုသံ
သောင်းသောင်းဖြည် မိုးယံထိလွှမ်း
မျိုးချစ်ဇာနည် ဘာမထီ
မြန်ပြည်တစ်ဝန်း အေးချမ်းသည်နှင့်လေး။

❖ အပြန်ရှေ့တန်း ရွှင်လန်းမပျက်ပင်
ကျောင်းဆောက်ကန်ဖောက် ဆည်ဆောက်တံတားပြင်
လမ်းခင်းပျော်ရွှင် တွဲယှဉ်လုပ်အား
လူထုနဲ့တူ ဝိုင်းညီကူ
ပြည်သူသားကောင်းများသည်နှင့်လေး။

❖ ဖျက်ရန်ဖယ်ရှား ဝင့်ကြွားလံလွှင့်ထူ
အောင်သပြေပန်း လက်ကမ်းကြပြည်သူ
ခြိမ့်ခြိမ့်သဲဆူ ဂုဏ်ယူရှေ့တန်း
တိုက်တိုင်းအောင်သော် 'တပ်မတော်'
ရွှင်ပျော်ပီတိလွှမ်းသည်နှင့်လေး။

❖ ပြည်တစ်ဝန်းမှာ အဖျက်ဘေးအန္တရာယ်ကင်းဖို့ရည်

❖ ပြည်ဝန်ထမ်းကာ အသက်ပေးကာကွယ်ရှင်းစို့အတည်။

မင်းရွှေမိုး

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ရက်တို သင်တန်းဆင်းပွဲ ကျင်းပ

မန္တလေး မတ် ၂၅

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန UN Habitat အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော Housing Delivery System in Myanmar သင်တန်းဆင်းပွဲကို မတ် ၂၂ ရက် ညနေ ၃ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးအောင်မောင်းက သင်တန်းဆင်း အမှာစကားပြောကြားခဲ့သည်။

ထို့နောက် UN Habitat မှ ပါမောက္ခ Mr.Yap Kioe Sneng က သင်တန်းပို့ချခြင်းနှင့် အိုးအိမ်ဆိုင်ရာ လေ့လာမှုအခြေအနေများကို သုံးသပ်တင်ပြသည်။ ယင်းနောက် မြို့တော်ဝန်၊ စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး၊ UN Habitat မှ (Housing Development in Myanmar)၊ ဦးသံမိုး (Adviser Urbanization Trends in Myanmar)၊ ဦးအောင်မြင့် (Adviser, Slum Upgrating) တို့က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါသင်တန်းတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့ရွာ အိုးအိမ်နှင့်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းသင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၁ ဦးတက်ရောက်သင်ယူခဲ့ကြပြီး သင်တန်းကို မတ် ၁၈ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ (ဝ၄ဝ)

စစ်ကိုင်းမြို့၌ သာသနာ့ဗိမာန်တော်ဖွင့်လှစ်

စစ်ကိုင်း မတ် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၏ မဟာစည်းခုံကြီးစေတီတော်ပရိဝုဏ်အတွင်း ဘာသာရေး၊ သာသနာရေး အခမ်းအနားများ ကျင်းပရာတွင် သံဃာအပါးများစွာ သီတင်းသုံးပြီး ပရိသတ် ၇၀၀ ကျော် ဆံ့မည့် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရန် ညွှန်ကြားချက်အရ စစ်ကိုင်းမြို့ မဟာစည်းခုံကြီးစေတီတော် ပရိဝုဏ်အတွင်း မြေနေရာကို သီတဂူဆရာတော်ကြီးနှင့် သီတဂူ ဗုဒ္ဓတက္ကသိုလ်မှ သံဃာတော်အပါး ၅၄ ပါးကြွရောက်တော်မူပြီး မြေအကွက်ချသတ်မှတ်၍ သာသနာ့ဗိမာန်နယ်မြေအတွင်း အန္တရာယ်ကင်းရန် မြေနုတ်ကမ္မဝါ ပရိတ်တရားများ ရွတ်ဖတ်သရဇ္ဈာယ်ဆောင်ရွက်တော်မူခဲ့သည်။

အဆောက်အအုံ အမျိုးအစားသည် မြေတိုက်ခန်းအပါအဝင် သံကူကွန်ကရစ်တစ်ထပ်ခွဲအဆောက်အအုံဖြစ်သည်။ ပင်မသာသနာဗိမာန်တော်အဆောက်အကျယ် ၁၆၈ပေ×ပေ ၇၀ ရှိပြီး ရှေ့ ဆင်ဝင်ဝရန်တာအပါအဝင် ၁၈၈ပေ× ၉၄ ပေ၊ မြေအောက်ခန်း ၆၃ပေ×ပေ၇၀၊ ခန်းမအတွင်း သံဃာစင် ၂၄ ပေ× ၂၇ ပေကျယ်သည်။ **(အပေါ်ပုံ)**

ပင်မဆောင်ကြီးကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၂ ခုနှစ်ဇွန်လ ၂၃ ရက်တွင် ပြီးစီးခဲ့သည်။

ယင်းသာသနာ့ဗိမာန်တော်ကို မတ် ၂၄ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ် ၁၈ ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ တက်ရောက် ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါဗိမာန်တော်၏ စုစုပေါင်း ကုန်ကျငွေကျပ် ၅၇၆၉ ဒသမ ၄ သိန်းဖြစ်ကြောင်း သိရသည်။ (၁၄ဝ)

ဘုရင့်နောင်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

နတ်မောက် မတ် ၂၅

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်း အထိမ်းအမှတ် အခြေခံပညာအထက်တန်းကျောင်းဝင်း၌ မတ် ၂၃ ရက်က ဘုရင့်နောင်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။

လွှဲပြောင်းပေးအပ်

အဆိုပါ ကျောင်းဆောင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ ပညာရေးပိုမိုမြင့်မားရေးအတွက် တည်ဆောက်ပေးသော တစ်ထပ်လုံးချင်းတိုက်ဖြစ်ပြီး အမြင့် ၁၂ ပေ၊ အလျား ပေ ၁၈၀၊ အနံ ပေ ၃၀ ဖြင့် တည်ဆောက်ပြီး စာသင်ခန်းပေါင်း ၃၀×၃၀ ဖြင့် အခန်းပေါင်း ခြောက်ခန်းပါရှိသည်။ တန်ဖိုးငွေကျပ် သိန်း ၆၄၅ အကုန်အကျခံ၍ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် စတင်တည်ဆောက်သော ဘုရင့်နောင်ကျောင်းဆောင်သစ်ကို လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

အောင်ပဒေသာဆောက်လုပ်ရေးကုမ္ပဏီ MD ဦးဇော်ကိုက ကျောင်းဆောင်သစ်ကို လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူးကိုယ်စား နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်း အထိမ်းအမှတ် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်မော်က လက်ခံယူပြီးနောက် မြို့နယ်အတွင်းရှိ သမ္မန်းကုန်းကြီးအုပ်စု ကမ်းပြိုကျေးရွာ အမကကျောင်းဆောင်သစ်ကို ဦးဇော်ကိုက လွှဲပြောင်းပေးအပ်ရာ နတ်မောက်မြို့ အထက (ခွဲ)ကျောင်းအုပ်ဆရာကြီး ဦးမြဆောင်က လက်ခံယူသည်။

ကမ်းပြိုကျေးရွာအမကကျောင်းဆောင်သည် တစ်ထပ်လုံးချင်းတိုက်ဖြစ်ပြီး အမြင့် ၁၂ ပေ၊ အလျားပေ ၆၀၊ အနံပေ ၃၀ စာသင်ခန်း ၂၀×၃၀ အခန်းပေါင်း သုံးခန်းဖြစ်ပြီး တန်ဖိုးငွေကျပ် ၂၁၅ သိန်းဖြစ်ကြောင်း အောင်ပဒေသာကုမ္ပဏီမှ နတ်မောက်မြို့ ဘုရင့်နောင်ကျောင်းဆောင်သစ်အတွက် အုတ်ညှပ်ကြွေပြားခင်း ရေလောင်းအိမ်သာလေးခန်းတွဲ ဆားဗစ်ကျင်းပါ တန်ဖိုးငွေကျပ် သိန်း ၂၀ အကုန်အကျခံလှူဒါန်းကြောင်း၊ ကမ်းပြိုကျေးရွာအမကကျောင်းအတွက် ခြံစည်းရိုးကို ငွေကျပ် ၁၀ သိန်း အကုန်အကျခံလှူဒါန်းခဲ့ကြောင်း သိရသည်။ **(နတ်မောက်သား)**

မုံရွာမြို့ကန်သာယာ ဘေးမဲ့ကန်အဖြစ် ပြန်လည်ဖော်ဆောင်

မုံရွာ မတ် ၂၅

မုံရွာမြို့၏သမိုင်းဝင် နှစ် (၁၀၀) ပြည့်အထိမ်းအမှတ်အဖြစ် တည်ထားကိုးကွယ်ခဲ့သည့် ရာပြည့်ကပ်ကျော် မင်္ဂလာစေတီတော်မြတ်ကြီး ပတ်ဝန်းကျင်ရှိ ရှေးဟောင်းကန်သာယာကို ဇီဝိတဒါနဘေးမဲ့ကန်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဘေးမဲ့ကန် ဖြစ်မြောက်ရေးကော်မတီ (၁/၂၀၁၃)ဖြင့် ဖွဲ့စည်း၍ သတ်မှတ်ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

မုံရွာမြို့အား အလုံစီရင်စုအတွင်းရှိ ကျေးရွာလေးအဆင့်မှ အောက်ချင်းတွင်းခရိုင်မြို့တော်အဖြစ် ပြောင်းလဲခဲ့သည့်နှစ်ပေါင်း ၁၀၀ ပြည့်အထိမ်းအမှတ်အဖြစ် ၁၈၈၈ ခုနှစ် ဧပြီ ၂၅ ရက်က မြို့နယ်နာယကဆရာတော်များ ဦးဆောင်၍ရှေးအခေါ် လေ့ကူးအင်း (ကန်သာယာ)အတွင်းရှိ ကျွန်းပေါ်တွင် ရာပြည့်ကပ်ကျော်စေတီအဖြစ် ဉာဏ်တော် ၃၆ ပေ အမြင့်တည်ထားခဲ့ပြီး ကန်သာယာအတွင်းရှိ သား၊ ငါး တိရစ္ဆာန်များကို ဘေးမဲ့ပေးခဲ့ကြောင်း ရာပြည့် ကျောက်စာတွင် အခိုင်အမာ ရေးထိုးခဲ့သည်။

"ဘေးမဲ့ပေးပြီး လေးငါးနှစ်လည်း ကြာရော ငါးဖမ်းတာတွေ၊ အဝတ်လျှော်တာတွေ၊ အမှိုက်ပစ်တာတွေ ရှိလာကြတယ်။ အခု စေတီတော်ကို ရွှေတိဂုံပုံတူ ဉာဏ်တော်ထပ်မြှင့်နေတော့ ဘေးမဲ့ကန်အဖြစ် ပြန်လည်သတ်မှတ်ရေး သက်ဆိုင်ရာကို စာတင်တောင်းဆိုခဲ့လို့ အခု သူတို့ပြန်လုပ်ကြတော့မှာပါ" ဟု ရာပြည့်စေတီဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းညွန့်က ပြောကြားသည်။

ယင်းကန်သာယာအတွင်းသာယာလှပရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် ငါးမျှားခြင်း၊ ရေကူးခြင်း၊ အဝတ်လျှော်ခြင်းမပြုရန် သက်ဆိုင်ရာက ဆိုင်းဘုတ်ချိတ်ဆွဲတားမြစ်ထားသည်။ **(အုံ့ကြီးမောင်)**

ကြံစိုက်ပျိုးထုတ်လုပ်သူများအသင်း တန်ဖိုးမြှင့် စက်မှုပြပွဲ အတွေ့အကြုံရှင်း

ကသာ မတ် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကြံစိုက်ပျိုးထုတ်လုပ်သူများအသင်း (ကသာဇုန်)မှ အတွင်းရေးမှူး ဦးထွန်းတင့်နှင့် ဦးဝမ်းယုတို့သည် မတ် ၂ ရက်မှ ၅ ရက်အထိ ရန်ကုန်မြို့ MCC ခန်းမ၌ ဆန်စပါးအသင်းချုပ်က ကြီးမှူးကျင်းပသော တန်ဖိုးမြှင့်စက်မှုပြပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ပြန်လည်ရှင်းလင်း

အဆိုပါပြပွဲတွင် ခင်းကျင်းပြသခဲ့သော အိန္ဒိယနိုင်ငံ ထွန်စက်ကုမ္ပဏီများမှ ထွန်စက်မျိုးစုံများ၊ ဂျပန်နိုင်ငံမှ KUBOTA၊ ဂျပန်နှင့် ထိုင်းဖက်စပ်များ Korean နိုင်ငံလုပ်ထွန်စက်များ၊ International Plum New Hollen နှင့် မုံရွာစက်မှုဇုန်ထုတ် သီဟထွန်းအမျိုးအစားတစ်လုံးထိုးအင်ဂျင် AW နှင့် လက်ရွေးစင်ကုမ္ပဏီအုပ်စုရွှေဘုန်းထွန်စက်၊ တရုတ်ပြည်ထုတ် YTO အမျိုးအစားများပြသသည့်ပြခန်း၌ တာဝန်ခံများနှင့် နှီးနှောဖလှယ်မေးမြန်းရရှိသည့် အတွေ့အကြုံများကို ကသာမြို့နယ် ယင်းခဲကျေးရွာ ကြည်နူးရာ စာသင်ကျောင်း၌ မတ် ၁၀ ရက်တွင်ကျင်းပသည့် အစည်းအဝေးပွဲ၌ စက်မှုပြပွဲအတွေ့အကြုံများကို ကြံတောင်သူများအား သဘောပေါက်နားလည်အောင် ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

ယောဂီ ၅၀၀ ဆံ့ ဝိပဿနာ ဒီပနီဗိမာန်တည်ဆောက်

စစ်ကိုင်း မတ် ၂၅

နှစ်ဆယ်ရာစုနှစ်အတွင်း ဝိပဿနာတရားများကို အစဦးဆုံးဖြန့်ဝေပြီး ဒီပနီကျမ်းပေါင်း ၁၀၀ ကျော် ရေးသားတော်မူ၍ ကမ္ဘာလောကကြီးအား ဝိဇ္ဇာဓာတ်အလင်းရောင် ဖြန့်ဝေတော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ စာပေပါရဂူဒီလစ်ဘွဲ့ရ ပထမလယ်တီဆရာတော်ဘုရားကြီး၏ ပဋိပတ္တိသာသနာလုပ်ငန်းများပြုလုပ်ခဲ့ရာ ရွှေတောင်ဦးစေတီသာသနာ့နယ်မြေတွင် ယောဂီ ၅၀၀ ဆံ့ ဝိပဿနာဒီပနီသုံးထပ် ဓမ္မာရုံဗိမာန်တော်ကြီးကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

"ရွှေတောင်ဦး လိုဏ်ဂူတော်မှာ ဆရာတော်ကြီး ဝိနယသံခိပ်ကျမ်း၊ အာဟာရဒီပနီ၊ အနတ္တဒီပနီကျမ်းတွေပြုစုခဲ့ပါတယ်။ အဲဒါကို အထိမ်းအမှတ်အနေနဲ့ ရွှေတောင်ဦးလယ်တီရိပ်သာမှာ လယ်တီစံကျောင်းဒီပနီစာကြည့်တိုက်ကိုလည်း ဆောက်လုပ်ထားပါတယ်။ ဆရာတော်ကြီး ဒီပနီကျမ်းပြုစုဟန်ပုံတူရုပ်တုရယ်၊ ရေးသားခဲ့တဲ့ ဒီပနီစာအုပ်တွေရယ်ကို ထားရှိပါတယ်။ စာအုပ်တွေကို ဝယ်ယူပြီး အဲဒီနေရာမှာ လှူဒါန်းပူဇော်နိုင်ပါတယ်"ဟု ယင်းရိပ်သာမှ ဆရာတော်တစ်ပါးက မိန့်ကြားသည်။ ရွှေတောင်ဦးရိပ်သာတွင် ဝါခေါင်လ၊ ပြာသိုလနှင့် မဟာသင်္ကြန်အချိန်တို့၌ တစ်နှစ်လျှင် သုံးကြိမ် တရားစခန်းဖွင့်လှစ်ပြီး ယမန်နှစ်က အထက်မြန်မာပြည် လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်မှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့ရောနယ်ပါ ဝိပဿနာတရားစခန်း ၇၉ နေရာပြုလုပ်ခဲ့ပြီး ယခုနှစ်တွင်လည်း တရားစခန်း ပေါင်း ၈၂ နေရာပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

(မောင်အုံ့)

မီးဖုတ်အုတ် ဈေးလျှော့ကျ

မြင်းမူ မတ် ၂၅

မြင်းမူမြို့ အာသောကရပ်ကွက်တွင် မီးဖုတ်အုတ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးရှိကြောင်း သိရသည်။

မြင်းမူ မီးဖုတ်အုတ်သည် ထု၊ ဖြက်ပြည့်ခြင်း မီးဖုတ်ရာတွင် အကျက်ညီခြင်း၊ အုတ်အရည်အသွေးကောင်းခြင်းတို့ကြောင့် လူကြိုက်များသည်။ မြင်းမူတိုးဂိတ်နှင့် ရွှေဘိုလမ်းပိုင်းတိုးဂိတ်မရှိခင်က ရွှေဘိုမြို့မှ အုတ်သိုလှောင်ရောင်းချသူက မြင်းမူ KM အုတ်ကို ရသလောက်ကြိုတင်မှာယူပြီး ဝယ်ယူကြောင်း၊ ယခုတိုးဂိတ်များရှိလာ၍ ဝယ်ယူမှု မရှိတော့ကြောင်း KM အုတ်စက်ပိုင်ရှင်ကိုစိုးမိုးက ပြောပြ၍ သိရသည်။

အုတ်သုံးမျိုးသုံးစားရှိသည်။ ကွင်းထဲ၌ ပေါက်ဈေးမှာ ပထမတန်းစား အုတ်တစ်ချပ်လျှင် ငွေကျပ် ၇၀၊ ဒုတိယတန်းစာ အုတ်နှင့် မီးကျက်လွန်အုတ်တစ်ချပ်လျှင် ငွေကျပ် ၆၀ ဖြစ်သည်။ မြို့တွင်းသို့ အရောက်ပို့စနစ်ဖြင့်လည်း ပို့ပေးကြောင်း၊ အုတ်တစ်ချပ် ပို့ခငါးကျပ်နှုန်းဖြင့် ခရီးအနီးအဝေးအပေါ်ကြည့်ပြီး ယူကြောင်း သိရသည်။ "ပြီးခဲ့တဲ့နှစ်က မီးဖုတ်အုတ်တစ်ချပ်ကို ငွေကျပ် ၁၀၀ ဈေးနဲ့ ရောင်းချခဲ့ရတယ်။ ဒီနှစ်ကျမှ အုတ်တစ်ချပ်ငွေကျပ် ၇၀ နဲ့ ရောင်းတယ်။ ဒီလိုလျှော့ရောင်းလို့ အုတ်အရည်အသွေးကို အထိခိုက်မခံပါဘူး" ဟု အုတ်စက်ပိုင်ရှင်က ပြောပြသည်။

အုတ်ကို ကြိုပေးစနစ်ဖြင့်လည်း ဝယ်၍ရကြောင်း၊ နှစ်စဉ် ဝါဆို၊ ဝါခေါင်တွင် ပေါက်ဈေးဖြင့် ကြိုပေးခြင်းကို အနည်းအကျဉ်းသာ လုပ်ကြောင်း သိရသည်။ အုတ်လုပ်အလုပ်သမားများ နေ့စဉ် ဝင်ငွေများရရှိ၍ ပျော်ရွှင်စွာဖြင့် အလုပ်လုပ်ကိုင်နေသည်ကို မြင်တွေ့ခဲ့ရသည်။ **(အပေါ်ပုံ)**

(ဝ၇၉)

ကားမှန်များရိုက်ခွဲဖျက်ဆီးသူများ စုံစမ်းလျက်ရှိ

မန္တလေး မတ် ၂၅

မန္တလေးမဟာအောင်မြေမြို့နယ် စကြာနွယ်စဉ်ရပ် ၃၆ လမ်း ၇၃ လမ်းနှင့် ၇၄ လမ်းကြားတွင် ရပ်ထားသော ဦးအောင်ကျော်စိုးပိုင်ဆိုင်သည့် ယာဉ်အမှတ် ၁ခ/. . . (Townace) အပြာရောင်၊ ၃၆ လမ်း ၇၄ လမ်းနှင့် ၇၅ လမ်းကြားတွင်ရပ်ထားသော ဦးမျိုးမြင့်ပိုင်ယာဉ်အမှတ် ၁ခ/. . . ဆန်နီအဖြူရောင်၊ ၃၆ လမ်း ၇၅×၇၆ လမ်းကြားတွင် ရပ်ထားသော ဦးသန်းထွန်းပိုင်ယာဉ်အမှတ် BB/. . . Probox ခဲရောင်နှင့် မဟာနွယ်စဉ် ရပ်ကွက် ၃၉ နှင့် ရေနီမြောင်းထောင့်တွင် ရပ်ထားသော ဦးကြည်လွင်မြင့်ပိုင် ယာဉ်အမှတ် ၄ဂ/. . . Family အနီရောင်၊ ၃၉ လမ်းနှင့် ၇၃ လမ်းထောင့်တွင် ရပ်ထားသော ဒေါက်တာဝင်းကိုပိုင် ယာဉ်အမှတ် ၁ဃ/. . . မှော်ခ်တူးအဖြူရောင်၊ ၇၃ လမ်း ၃၈ နှင့် ၃၉ လမ်းကြားတွင် ရပ်ထားသော ဦးဟန်ဝင်း(ဟန်စတိုး)ပိုင် ယာဉ်အမှတ် ၇င/. . . VITZ မီးခိုးရောင်တို့ကို မတ် ၁၉ ရက် နံနက် ၃ နာရီက လိမ္မော်ရောင်ဂျစ်ကား (နံပါတ်မမှတ်မိ)အပေါ်မှ လူလေးဦးသည် သံတုတ်များဖြင့် ကားမှန်များအား ရိုက်ခွဲဖျက်ဆီးခဲ့သောဖြစ်ရပ်တစ်ခုဖြစ်ပွားခဲ့ကြောင်းနှင့် အဆိုပါ ကားမှန်ရိုက်ခွဲသူများအား ဖမ်းဆီးရမိရေးအတွက် မဟာအောင်မြေ မြို့နယ်ရဲတပ်ဖွဲ့က စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မဟာအောင်မြေမြို့နယ်အတွင်း ကားမှန်များ ရိုက်ခွဲဖျက်ဆီးမှုတွင် မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ၇၂ လမ်း ၃၉×၄၀ လမ်းကြားတွင် ဦးမျိုးနိုင်ပိုင်ယာဉ် အမှတ်၂ခ/. . . Honda Accord နက်ပြာရောင်ကားတစ်စီးကိုလည်း ဖျက်ဆီးထားရှိကြောင်း ထပ်မံတွေ့ရှိသဖြင့် စုစုပေါင်းယာဉ်ခုနစ်စီးဖြစ်ကြောင်း သိရသည်။ **တင်မောင် (မန္တလေးကိုယ်ပွား)**

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

တောင်ယာမီးရှို့မှုကြောင့် လေကြောင်းသွားလာမှု ထိခိုက်

တာချီလိတ် မတ် ၂၅

တာချီလိတ်မြို့ အနီးပတ်ဝန်းကျင်အတွင်း စည်းကမ်းမဲ့တောင်ယာမီးရှို့သူများကြောင့် မြို့ပတ်ဝန်းကျင်တစ်ဝိုက်မြူများအုံ့ဆိုင်းနေပြီး ပြာမှုန်များဖုံးလွှမ်းနေသောကြောင့် ရာသီဥတုကောင်းမွန်ခြင်းမရှိဘဲ အသက်ရှူလမ်းကြောင်းကို ထိခိုက်စေနိုင်သော လေထုညစ်ညမ်းမှုဖြစ်ပေါ်လျက် ရှိနေပေသည်။

အထူးသဖြင့် တာချီလိတ်ဒေသသည်လေကြောင်းခရီးကို အဓိကအားထားနေရသော မြို့တစ်မြို့ဖြစ်ရာ တောင်ယာမီးရှို့မှုကြောင့် မြူများ အုံ့ဆိုင်းနေသည့်အတွက် မြင်ကွင်းမရှင်းလင်းဘဲ လေကြောင်းပို့ဆောင်ရေးကို ထိခိုက်လျက်ရှိကြောင်း သိရှိရသည်။

"မတ် ၂၂ ရက်ကဆိုရင် ရာသီဥတုမကောင်းလို့ လေကြောင်းခရီးစဉ်တချို့ဖျက်သိမ်းခဲ့ရပါတယ်။ ဒီကနေ့ဆိုရင်လည်း ဆန်းဖားရ်လေကြောင်းလိုင်းဆိုရင် နံနက် ၆ နာရီ ကွင်းချိန်းထားတာ ပုံမှန်ဆိုရင် နံနက် ၈ နာရီနဲ့ ၉ နာရီအကြား ဆင်းသက်ရမှာဖြစ်ပေမယ့် မွန်းလွဲ ၁ နာရီခွဲလောက်မှ ဆင်းရတယ်။ ဆန်းဖားရ်အနေနဲ့ ဒီနေ့ခရီးစဉ်လေးခုရှိတဲ့အနက် နှစ်ခုပဲဆင်းသက်နိုင်ပြီး နှစ်ခုဖျက်သိမ်းလိုက်ရတယ်။ အဲကမ္ဘောဇဆိုရင်လည်း ပုံမှန် ၁၂ နာရီ ဆင်းရမယ့် လေယာဉ်ဟာ မွန်း လွဲ ၂ နာရီ ၁၅ မိနစ်မှ ဆင်းရပြီး ဒုတိယခေါက်ဆိုရင် ညနေ ၃ နာရီ

၄၇ မိနစ်မှ ဆင်းရတော့ ခရီးသည်တွေကို အလွန်အားနာရတယ်။ ဒါ့အပြင် မြင်ကွင်းမရှင်းတော့ လေယာဉ်မှူးတွေအတွက်လည်း အများကြီးအဟန့်အတားဖြစ်ရပါတယ်" ဟု အဲကမ္ဘောဇလေကြောင်းလိုင်း တာချီလိတ်တာဝန်ခံ ဒေါ်ခင်စိုးဝင်းက မြန်မာ့အလင်းသို့ရှင်းပြပါသည်။

"အချို့ခရီးသည်တွေက အရေးတကြီးသွားရမှာလေ၊ လေယာဉ်ခရီးစဉ်တချို့ဖျက်သိမ်းရတော့ စိတ်အနှောင့်အယှက်ဖြစ်ရသလို မဖြစ်မနေသွားရမယ့် ကိစ္စရှိနေသူတွေလည်းပါတော့ လေကြောင်းလိုင်းအချင်းချင်း ညှိနှိုင်းပြီး ခရီးသည်အဆင်ပြေအောင်ဆောင်ရွက်ပေးလိုက်ရပါတယ်။ ဒီအတွက် ဝန်ဆောင်ခကို ခရီးသည်ဆီက ထပ်မံမကောက်ယူတော့ဘဲ အေးဂျင့်ကနေပဲ ပေးဆောင်လိုက်ပါတယ်။ အဓိကကတော့ ခရီးသည်တွေအဆင်ပြေဖို့ပါပဲ" ဟု ဆန်းဖားရ်လေကြောင်းလိုင်းမှ ဒေါ်နန်းပီးယာရီကလည်း ရင်ဖွင့်သွားပါသည်။

တာချီလိတ်မြို့သည် တောင်ပတ်လည်ဝန်းရံလျက်ရှိသော ရှမ်းကုန်းမြေမြင့်မှ ဒေသတစ်ခုဖြစ်ရာ ယခုကဲ့သို့ ပွင့်လင်းရာသီတွင် သက်ဆိုင်ရာမှ တောင်ယာမီးရှို့ခြင်းများ မပြုလုပ်ရန် သတိပေးဆောင်ရွက်လျက်ရှိသော်လည်း တောင်ယာလုပ်ကိုင်သူအချို့က စည်းကမ်းမဲ့စွာ တောင်ယာမီးရှို့မှုကြောင့် လေထုညစ်ညမ်းပြီး ရာသီဥတုကိုလည်း ထိခိုက်စေသည့်အပြင် ရံဖန်ရံခါ တောင်ယာမီးရှို့မှုကြောင့် ဖြစ်ပေါ်လာသော တောမီးသည် မြို့အစွန်အဖျားရှိ လူနေအိမ်များအနီးသို့တိုင် ရောက်ရှိလာတတ်သည့်အတွက် မီးဘေးအတွက်လည်း လွန်စွာစိုးရိမ်ရပါသည်။ သို့ဖြစ်ပါသောကြောင့် စည်းကမ်းမဲ့တောင်ယာမီးရှို့သူများကို ယခုထက် ပိုမိုထိရောက်သော ပညာပေးခြင်း၊ အရေးယူခြင်းများဆောင်ရွက်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

မောင်ယဉ်ကျေး(တာချီလိတ်)

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး

ပဲခူး မတ် ၂၅

ပဲခူးတိုင်းဒေသကြီး ပဲခူးရွှေမော်ဓော‌ဘုရား ယာဉ်ရပ်နားစခန်းဝင်း၌ မတ် ၂၃ရက် ည ၉ နာရီက ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြဝင်း၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး/ခရိုင်/ မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များ ပါဝင်လျက်လူကုန်ကူးမှုဆိုင်ရာ လူထုအသိပညာပေးလှုပ်ရှားမှု Mini-concert အစီအစဉ်ကို ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးရန်ပုံငွေပွဲတွင် Lazy Clubတီးဝိုင်းအဖွဲ့နှင့်အတူ အဆိုတော် R ဇာနည်က လူကုန်ကူးမှုအသိပညာပေးသီချင်းဖြင့် တင်ဆက်ခဲ့သည်။ ပဲခူးလူကုန်ကူးမှုအဖွဲ့တာဝန်ခံရဲမှူးရဲဝင်းအောင် ဦးစီးတပ်ဖွဲ့ဝင်များမှ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ရာ **(အပေါ်ပုံ)** ပြည်သူ စုစုပေါင်း ၅၀၀၀ ကျော်ခန့်အား လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။

(သန့်စင်)

၁၀ ဘီးကား ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်မှုဖြစ်ပွား

ပျဉ်းမနား မတ် ၂၅

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ဘောဂသီရိကားဝင်းတွင် ၁၀ ဘီးကားတစ်စီး ဘက်ထရီမိန်းခုံမှ အပူချိန်လွန်ကဲ၍ ဝိုင်ယာရှော့ခ်ဖြစ်ပြီး ကားမီးလောင်မှု မတ် ၂၅ ရက် နံနက်စောစောပိုင်းက ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ မတ် ၂၅ ရက် နံနက် ၃ နာရီတွင် ပျဉ်းမနား ရဲစခန်းမှ ဒုရဲအုပ်ဆန်းသိန်းသည် ရဲစခန်းတွင် တာဝန်မှူးထမ်းဆောင်နေစဉ် ဘောဂသီရိကားဝင်းတွင် မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ရဲစခန်းမှ ဒုရဲအုပ်ဆန်းသိန်းနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းသိန်းနှင့်တပ်ဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်တင့်တို့ သွားရောက်စစ်ဆေးရာ ဘောဂသီရိကားဝင်း၊ ပွဲရုံတန်း ပ-၉၀နှင့် ပ-၆၀ အကြားလင်းပွဲရုံရှေ့တွင် ယာဉ်နောက်လိုက်ဖြစ်သူ ချစ်သဲ ၂၂ နှစ် သစ်ခေါက်ခွရွာ လယ်ဝေးမြို့နယ်နေသူ အိပ်စောင့်နေသော ၅ဂ/. . . စီနိုထရပ် အနီရောင် ၁၀ဘီးယာဉ်သည် ဘက်ထရီမိန်းခုံမှ အပူရှိန်လွန်ကဲကာ ဝိုင်ယာရှော့ခ်ဖြစ်ပြီး နံနက် ၂ နာရီ ၄၅ မိနစ်တွင် မီးစတင်လောင်ကျွမ်းရာ ပျဉ်းမနား မီးသတ်စခန်းမှ မီးသတ်ယာဉ် သုံးစီး၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ပြည်သူများ စုပေါင်းမီးငြိမ်းသတ်မှုကြောင့် နံနက် ၃ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ ကာလတန်ဖိုး ငွေကျပ် ၂၅ သိန်းခန့် ဆုံးရှုံးသွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ကားအား မီးလောင်သည့်တိုင် ပေါ့ဆစွာပြုလုပ်သူ ချစ်သဲအား အရေးယူပေးပါရန် ဒုရဲအုပ်ဆန်းသိန်းက တိုင်တန်းသောကြောင့် ပျဉ်းမနား ရဲစခန်းမှ ချစ်သဲအား အမှုဖွင့်ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ပြည်နယ်/တိုင်းဒေသကြီးအလိုက် တာယာအရောင်းကိုယ်စားလှယ်ဆောင်ရွက်လိုသူများ တင်ဒါခေါ်ယူခြင်း

၁။ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ တာယာစက်ရုံ(ရွာမ)မှ ဥရောပနည်းပညာ Sailun Tyre Technologyဖြင့် အရည်အသွေးမြင့်မားသော အောက်ဖော်ပြပါ တာယာများထုတ်လုပ်၍ ပြည်တွင်း/ပြည်ပဈေးကွက်သို့ ဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။
(က) Truck &Bus Bias Tyre(TBB)
(ခ) Truck &Bus Radial Tyre(TBR)
(ဂ) Passenger Car Radial Tyre(PCR)

၂။ ပြည်တွင်းဈေးကွက်တွင် ဖြန့်ဖြူးရောင်းချလိုသော အရောင်းကိုယ်စားလှယ်များအား ပြည်နယ်/တိုင်းဒေသကြီးအလိုက် သီးခြားဖြစ်စေ၊ အချို့ပြည်နယ်/တိုင်းဒေသကြီးအလိုက် တွဲဖက်၍ဖြစ်စေ သတ်မှတ်ခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။

၃။ ၄င်းအပြင် ထုတ်လုပ်မည့်တာယာများမှာ အရည်အသွေးကောင်းမွန်မှုရှိပြီး Sailun Tyre ကဲ့သို့ ပြည်ပဈေးကွက် ရောင်းတမ်းဝင်ထုတ်လုပ်မည်ဖြစ်၍ ပြည်ပပို့ကုန်အဖြစ် Export လုပ်ငန်းဆောင်ရွက်မည့်သူများ သီးခြားလျှောက်ထားနိုင်သည်။Export ဆောင်ရွက်လိုသူများအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးမည်။

၄။ အရောင်းကိုယ်စားလှယ်ဆောင်ရွက်လိုသူများသည် မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ ညှိနှိုင်းသတ်မှတ်ထားသော စပေါ်ငွေများ အာမခံတင်ထားရှိရမည်။ အရောင်းကိုယ်စားလှယ် လျှောက်လွှာများအား ၂၂-၄-၂၀၁၃ ရက်နောက်ဆုံးထား၍ လျှောက်ထားရမည်။ အသေးစိတ်သိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်သည်။

မြန်မာစီးပွားရေးကော်ပိုရေးရှင်း
ဦးဆောင်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၁-၂၁၄၁၈၄
စီမံကိန်းများညွှန်ကြားရေးမှူးရုံး ဖုန်း-၀၁-၆၅၆၈၉၄
စက်ရုံများဌာန ဖုန်း-၀၁-၂၂၁၁၄၄
ကုန်သန်းရောင်းဝယ်ရေးဌာန ဖုန်း-၀၁-၂၁၆၁၁၈
တာယာစက်ရုံစီမံကိန်း(ရွာမ) ဖုန်း-၀၁-၆၁၈၈၄၃၊ ၆၁၈၈၄၄၊ ၆၁၈၈၄၅

ပြည်တွင်းသတင်း

နေပြည်တော်ဖိတ်ခေါ်လက်သိုင်းပြိုင်ပွဲ ပထမနေ့ပွဲစဉ်များဆက်လက်ကျင်းပ အင်ဒိုနီးရှားအားကစားသမားအများစု အနိုင်ရ

သတင်း - ဖေမြင့်ဦး
ဓာတ်ပုံ - စိုးညွန့်

၂၀၁၃ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲ အကြိုအဖြစ် အားကစားဝန်ကြီးဌာနမှ စီစဉ်ကျင်းပသော နေပြည်တော် ဖိတ်ခေါ်လက်သိုင်းပြိုင်ပွဲ (ပန်ကြပ်ဆီလတ်ပြိုင်ပွဲ)ကို မတ် ၂၄ ရက် နံနက်ပိုင်းက စတင်ကျင်းပခဲ့ပြီး ကျန်ရှိနေသော ပထမနေ့ပွဲစဉ်များကို မွန်းလွဲ ၂ နာရီတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(က)ရှိ ပိုက်ကျော်ခြင်းအားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ဆက်လက်ကျင်းပသော ပွဲစဉ်များအနက် ၆၅-၇၀ ကီလိုတန်း အမျိုးသားတစ်ဦးချင်းအတိုက်ပြိုင်ပွဲတွင် အင်ဒိုနီးရှားမှ ဆပ်တိုပြုနိုမိုက မြန်မာ(က)အသင်းမှ ကျော်စွာဝင်းကို ဒိုင်ငါးဦးစလုံး၏ အနိုင် ၅း၀ ဖြင့် အနိုင်ရသည်။ ၇၀-၇၅ ကီလိုတန်းတွင် မြန်မာ(က)အသင်းမှ ယွန်းကိုကို၏ ရှုံးချက်မှာ နစ်နာလှသည်။ ယွန်းကိုကိုသည် အင်ဒိုနီးရှားနိုင်ငံမှ အာဖရိယန်စေးယက်နှင့်ကစားရာ တတိယအချီတွင် မိမိ၏ နည်းစနစ်အမှားကြောင့် ထိသွားရာ ဆေးအဖွဲ့က စစ်ဆေးပြီး ဆက်လက်ကစားခွင့် မပြုတော့သောကြောင့် အရှုံးပေးလိုက်ရခြင်းဖြစ်သည်။

၇၅-၈၀ ကီလိုတန်းတွင် အင်ဒိုနီးရှားနိုင်ငံမှ အယ်လ်မက်စီရီဂါက မလေးရှားမှ မိုဟာမက်ဆပ်ဖ်ဝန်ကို ဒိုင်ငါးဦးအနိုင် ၅း၀ ဖြင့် အနိုင်ရပြီး ၉၀-၉၅ ကီလိုတန်းတွင် မြန်မာ(က)အသင်းမှ တင့်ဟန်က မြန်မာ(ခ)အသင်းမှ စိုးလင်းထိုက်ကို ဒိုင်ငါးဦးအနိုင် ၅း၀ ဖြင့် အနိုင်ရသည်။

ထို့နောက် အမျိုးသမီးတစ်ဦးချင်းအတိုက်ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ၇၀-၇၅ ကီလိုတန်းတွင် အင်ဒိုနီးရှားမှ အန်ဒရာယာမီလာစရီက မလေးရှားမှ နူရယ်အာဖီကွတ်ကိုလည်းကောင်း၊ ၆၀-၆၅ ကီလိုတန်းတွင် အင်ဒိုနီးရှားမှ ပီပီယက်ကာမီလီယာက မလေးရှားမှ စီတီဇူဘိုင်ဒက်ကိုလည်းကောင်း၊ ၅၀-၅၅ ကီလိုတန်းတွင် မလေးရှားမှ နော်ဖာရာဟာနာက မြန်မာ(က)အသင်းမှ နှင်းဝတ်ရည်ကိုလည်းကောင်း ဒိုင်ငါးဦးအနိုင် ၅း၀ ဖြင့် အသီးသီးအနိုင်ရရှိကြသည်။

၄၅-၅၀ ကီလိုတန်းတွင် ထိုင်းမှ နာခါကာက မလေးရှားမှနူရာဒီလာကို ဒိုင်လေးဦးတစ်ဦးအနိုင် ၄း၁ ဖြင့်လည်းကောင်း၊ အင်ဒိုနီးရှားမှ ဒီဝေဟီဂျက်က မြန်မာ(က)အသင်းမှ မေသဇင်မိုးကို ဒိုင်ငါးဦး အနိုင် ၅း၀ ဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

(က)အသင်းနှင့် (ခ)အသင်း နှစ်သင်းခွဲ၍ ပြိုင်ပွဲဝင်နေသော မြန်မာအသင်းသည် နံနက်ပိုင်းပွဲစဉ်ကိုးပွဲတွင် ကိုးဦးပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ခြောက်ဦးအနိုင်ရရှိခဲ့သည်။ မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသော ပွဲစဉ်ကိုးပွဲတွင် ခြောက်ဦးပါဝင်ယှဉ်ပြိုင်ခဲ့ပြီး တစ်ဦးသာအနိုင်ရကာ ငါးဦးရှုံးနိမ့်ခဲ့သည်။

ကျန်ရှိနေသောပွဲစဉ်များကို မတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး စိတ်ပါဝင်စားသူတိုင်း အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ နံနက်ပိုင်းပွဲစဉ်များကို နံနက် ၉ နာရီတွင် စတင်မည်ဖြစ်ပြီး မွန်းလွဲပိုင်းပွဲစဉ်များကို မွန်းလွဲ ၂ နာရီတွင် စတင်မည်ဖြစ်သည်။

ထိုင်း-မြန်မာနယ်စပ် ဒုက္ခသည်စခန်း မီးလောင်မှုဖြစ်ပွား ၆၂ ဦးသေဆုံး၊ ၂၀၀ ကျော် ဒဏ်ရာရရှိ

မောင်ကေလင်း

ထိုင်းနိုင်ငံမြောက်ပိုင်း ထိုင်း-မြန်မာနယ်စပ် မယ်ဟောင်ဆောင်မြို့နယ်အတွင်း မြန်မာဒုက္ခသည်စခန်း၌ မတ် ၂၂ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ မတ် ၂၅ ရက်နောက်ဆုံးသတင်းများအရ လူ ၆၀ ကျော်သေဆုံးပြီး ၂၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

မယ်ဟောင်ဆောင်ပြည်နယ်ရှိ မဲဆိုင်စခန်းတွင် အဆိုပါမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ ကရင်ဒုက္ခသည်များ အိမ်ပေါင်း ၃၈၀၀ ခန့်ဖြင့် နေထိုင်လျက်ရှိသည့် ဒုက္ခသည် စခန်းတစ်ခုဖြစ်သည်။ ဝါးအိမ်တဲငယ်များဖြစ်သဖြင့် မီးကူးစက်လောင်ကျွမ်းမှု မြန်ဆန်ခဲ့ပြီး နှစ်နာရီခန့် အကြာမှ မီးငြိမ်းသတ်နိုင်ခဲ့ခြင်းဖြစ်သည်။

မီးလောင်ကျွမ်းချိန်မှာ မတ် ၂၂ ရက် ညနေ ၄ နာရီခန့်က ဖြစ်ပြီး ချက်ပြုတ်ရာမှ မီးလောင်မှု စတင်ဖြစ်ပွားခြင်းဖြစ်နိုင်ကြောင်း၊ မီးလောင်မှုဖြစ်ပွားရခြင်းအကြောင်းကို စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ထိုင်းအရာရှိများက ပြောကြားသည်။

မီးလောင်မှုကြောင့် မြန်မာဒုက္ခသည်များနေထိုင်ရာ တဲအိမ်အလုံး ၁၀၀ကျော် မီးလောင်ခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားချိန်၌ အပူချိန်မြင့်မားမှု၊ လေတိုက်နေမှုများကြောင့် လျင်မြန်စွာ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် ဒဏ်ရာရရှိသူ ၂၀၀ ခန့်အား အနီးရှိ ဆေးရုံသို့ တင်ပို့ကုသပေးထားကြောင်းသတင်း၌ ဖော်ပြထားသည်။

လောလောဆယ်တွင် မီးဘေးဒုက္ခသည်များကို ထိုင်း-မြန်မာနယ်စပ်အခြေစိုက် ဒုက္ခသည်များ အကူအညီပေးရေးအဖွဲ့များဖြစ်သည့် တီဘီဘီစီနှင့် အိုင်အာရ်စီတို့က ထိုင်းတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ သောက်သုံးရေနှင့် အစားအစာများ ကူညီ ထောက်ပံ့ပေးလျက်ရှိသည်။

လက်ရှိ နောက်ဆုံးသတင်းများအရ မီးလောင်မှုကြောင့် မြန်မာဒုက္ခသည်စခန်းမှ လူ ၆၂ ဦး သေဆုံးခဲ့ပြီး ၂၀၀ ကျော်ဒဏ်ရာရရှိကာ တဲအိမ် ၄၀၀ ခန့် မီးလောင်ခြင်းခံရသည်ဟု ဖော်ပြထားသည်။ ထိုသို့မီးလောင်ရာတွင် ဒုက္ခသည်စခန်းရှိ စာသင်ကျောင်းတစ်ကျောင်း၊ ဆေးခန်းတစ်ခုနှင့် စားနပ်ရိက္ခာသိုလှောင်ရုံနှစ်ရုံတို့လည်း မီးလောင်ကျွမ်းခြင်းခံရသည်ဟု သိရသည်။ သေဆုံးသူအများစုမှာ သက်ကြီးရွယ်အိုနှင့် ကလေးများအပြင် အမျိုးသမီးများဖြစ်ကြသည်။

ပြောကြားခဲ့

လူသေဆုံးမှု များပြားသည့်အတွက် ဝမ်းနည်းမှုဖြစ်ရကြောင်း၊ မီးလောင်ကျွမ်းမှု မည်သို့စတင်ဖြစ်ပွားရသည်ကို စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ထိုင်းပြည်ထဲရေးဝန်ကြီး ဂျရူပေါင်ရာ အန်ဆူဝန်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

နေထိုင်လျက်ရှိ

ထိုင်း-မြန်မာနယ်စပ် တစ်လျှောက်တွင် ဒုက္ခသည်စခန်း ၁၀ ခုရှိပြီး ၁၉၈၀ ခုနှစ်မှစတင်ကာ ယခုအထိ ဒုက္ခသည်ပေါင်း ၁၃၆၀၀၀ ခန့် နေထိုင်လျက်ရှိသည်။

အဆင့်မြင့်မိုဘိုင်းဖုန်း နည်းပညာသင်တန်းဆင်း

နေပြည်တော် မတ် ၂၅

ရန်ကုန်မြို့ (MICT Park)ရှိ အခန်းအမှတ်(၂၀၅)၌ မတ် ၂၂ ရက် နံနက် ၁၁ နာရီက ရွှေပြည်တံခွန်တယ်လီကွန်း အများပိုင်ကုမ္ပဏီလီမိတက်က ကြီးမှူးကျင်းပသည့် အဆင့်မြင့် မိုဘိုင်းဖုန်း(UMTS/LTE) နည်းပညာသင်တန်းဆင်းပွဲ ကျင်းပသည်။

သင်တန်းပို့ချ

ယင်းသင်တန်းကို မတ် ၁၈ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၃၁ ဦး တက်ရောက်ခဲ့သည်။ အဆိုပါသင်တန်းသို့ ဆက်သွယ်ရေးနှင့်ပတ်သက်သည့် ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ စိတ်ဝင်စားသူများ တက်ရောက်ကြောင်းနှင့် အဆင့်မြင့်မိုဘိုင်းဖုန်း(UMTS/LTE) နည်းပညာရှင်များဖြစ်သော UK နိုင်ငံမှ မြန်မာနိုင်ငံသား ဦးသန်းထိုက်အေးနှင့် ပြင်သစ်နိုင်ငံမှ Mr.Jean-Marc Phan Van တို့က သင်တန်းပို့ချပေးကြောင်း သိရသည်။

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားတွင် ရွှေပြည်တံခွန်တယ်လီကွန်း အများပိုင်ကုမ္ပဏီမှ Chairman ဦးလွင်နိုင်ဦးက သင်တန်းဆင်းအမှတ်တရစကား ပြောကြားကာ သင်တန်းဆင်းလက်မှတ်များကို ကုမ္ပဏီမှ တာဝန်ရှိသူများက ပေးအပ်ပြီး **(အပေါ်ပုံ)** အဆင့်မြင့်မိုဘိုင်းဖုန်း နည်းပညာရှင်များက သင်တန်းဆင်း ကျေးဇူးတင်စကား ပြောကြားသည်။

ဦးမောင်(သဲကုန်း)

ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် စာရေးတံမဲပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၅

ရွှေပေါက်ကံမြို့သစ် ၁၇ ရပ်ကွက် သီရိစန္ဒာမဇ္ဈာရုံ တနင်္လာ ဆွမ်းလောင်းအသင်းက ကြီးမှူး၍ ၁၇ ရပ်ကွက်လူငယ်အဖွဲ့၏ ပံ့ပိုးကူညီမှုတို့ဖြင့် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆဋ္ဌမအကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် စာရေးတံမဲပွဲကို မတ် ၂၇ ရက် ညနေ ၄ နာရီခွဲတွင် ၁၇ ရပ်ကွက် တောင်ငူလမ်းမကြီး တစ်လျှောက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဆွမ်းဆန်စိမ်း လောင်းလှူပွဲတွင် ရွှေပေါက်ကံမြို့သစ် ဘုန်းတော်ကြီးကျောင်း ၂၇ ကျောင်းမှ ပင့်သံဃာတော် ၁၀၈ ပါးတို့အား ရပ်ကွက်ပြည်သူများက လှူဖွယ်ဝတ္ထုပစ္စည်းများကို စုပေါင်းလောင်းလှူကြမည်ဖြစ်ပြီး ဆွမ်းဆန်စိမ်း လောင်းလှူပွဲသို့ ကြွရောက်လာကြသည့် သံဃာတော်များအား ကျောင်းအလိုက် စာရေးတံမဲဝတ္ထုငွေများကို မဲဖောက်ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ရာ ပထမစာရေးတံမဲ ဆက်ကပ်ငွေကို ငွေကျပ်တစ်သိန်း၊ ဒုတိယစာရေးတံမဲ ဆက်ကပ်ငွေကို ငွေကျပ် ငါးသောင်းနှင့် တတိယစာရေးတံမဲ ဆက်ကပ်ငွေ ငွေကျပ် သုံးသောင်းလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကြီးသာ**

၇-၃-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ အများသိစေရန် ကန့်ကွက်ကြောင်းကြေညာခြင်းနှင့်စပ်လျဉ်း၍ မှန်ကန်ခြင်းမရှိမှုအပေါ်

ပြန်လည်ရှင်းလင်းသတိပေးကြေညာချက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်၊ အမှတ် ၉/၁၃၈နေ ဦးထွန်းနေဦး ၁၃/တခလ(နိုင်)၀၄၃၃၆၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ရှင်းလင်းသတိပေး ကြေညာအပ်သည်မှာ-

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဟောင်လိတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၅၂၊ လွယ်စတုံတောင်ကွင်း၊ အပိုင်း(ခ) ဒေါ်ရင်မေ၏ ပုဂ္ဂလိကနှစ်ထပ်ဈေးဆောက်လုပ်ရန် လ/န(၃၉)၊ ခွင့်ပြုမိန့်ရပြီး မြေဧရိယာ ၆ ဒသမ ၀၀ဧကရှိမြေကွက်နှင့် မြေကွက်ပေါ်တွင် တစ်ပိုင်းတစ်စဆောက်လုပ်ဆဲ ဈေးဆိုင်ခန်းများအား ဒေါ်ရင်မေသည် ၁၅-၉-၂၀၀၉ ရက်တွင် ဒေါ်ရန်မေ့ချင် ၁၃/တခလ(နိုင်)၀၆၀၄၇၆ထံ မြေကွက်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ အဖိုးစားနား ရယူကာ အပြီးအပိုင်လွှဲပြောင်းရောင်းချခဲ့ပါသည်။ ၁၀-၂-၂၀၁၀ ရက်တွင် ကျွန်ုပ်၏မိတ်ဆွေသည် ဒေါ်ရန်မေ့ချင်ထံမှ တစ်ပိုင်းတစ်စဆောင်ရွက်ထားရှိသည့် ပုဂ္ဂလိကနှစ်ထပ်ဈေးအဆောက်အအုံနှင့်မြေအား မြေကွက်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုကာ အဖိုးစားနားပေးချေ၍ လက်ရောက်ရရှိစီမံခန့်ခွဲလုပ်ကိုင်လျက်ရှိသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)၏ ၂၈-၈-၂၀၁၀ ရက်စွဲပါ စာအမှတ် ၅/၁၆-၁၃/ဦး ၆ ဖြင့် ထုတ်ပြန်သည့် ဆင့်ဆိုခွင့်ရအမည်ပြောင်းလဲခွင့် အမိန့်အရ ဒေါ်ရင်မေအမည်မှ ကျွန်ုပ်၏မိတ်ဆွေအမည်သို့ တရားဝင်အမည်ပြောင်း ခွင့်ပြုမိန့်ရရှိပြီး ဘုရင့်နောင်ဈေးအမည်ဖြင့် ပုဂ္ဂလိကနှစ်ထပ်ဈေးအဆောက်အအုံအား ပြီးစီးအောင် ဦးစီးလုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ပြည်နယ်တရားရုံး၊ ကျိုင်းတုံမြို့ (ဒေါ်ရင်မေနှင့်ဦးထွန်းနေဦး) တရားမကြီးမှုအမှတ် ၁၆/၂၀၁၀ဖြင့် ယခုကြော်ငြာပါပုဂ္ဂလိကဈေးအဆောက်အအုံမြေဧရိယာ ၆ ဒသမ ၀၀ဧကအပါအဝင် ကျန်မြေအစိတ်အပိုင်းအချို့နှင့်စပ်လျဉ်း၍ **မြေကွက်ပိုင်ရှင် တရားလိုခွင့်ပြုမထားသောမြေကွက်များအား ကိုယ်စားလှယ်စာရသူ တရားပြိုင်မှ ရောင်းချခြင်းသည် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၄၂အရ တရားမဝင်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု** စွဲဆိုခဲ့ရာ ကျွန်ုပ်မိတ်ဆွေမှ အဆိုပါအမှုတွင် ယခုပုဂ္ဂလိကဈေးအပါအဝင် မြေကိစ္စများအား အတိအလင်းထုချေခဲ့သဖြင့် ရုံးတော်မှ ၇-၁၂-၂၀၁၀ ရက်တွင် ဒေါ်ရင်မေစွဲဆိုသောအမှုအား **ပလပ်**သည့်စီရင်ချက်ဒီကရီချမှတ်ခဲ့ပါသည်။ အဆိုပါစီရင်ချက်နှင့်ဒီကရီမှာ ယနေ့တိုင် တရားဝင်အတည်ဖြစ်လျက်ရှိပါသည်။

၇-၃-၂၀၁၃ရက်ကြော်ငြာတွင် ကန့်ကွက်ပါသည်ဟုဆိုသော ဦးအိုက်စင်း၊ ဦးအိုက်ဟောက်၊ ဒေါ်နန်းမုန့်တို့သည် ဒေါ်ရင်မေ၏ သားသမီးအရင်းအချာများဖြစ်သည့် အားလျော်စွာ မိခင်သက်ရှိထင်ရှားရှိသည့်အပြင် မိခင်ပြုလုပ်သည့်ကိစ္စရပ်များအား **သဘောတူ ခွင့်ပြုချက်တစ်စုံတစ်ရာရယူခဲ့ခြင်းမရှိဘဲ ဆောင်ရွက်ခဲ့ခြင်းဖြစ်၍**ဟု ဖော်ပြကန့်ကွက်ထားသည်မှာ ၁၆-၂-၂၀၀၁ ရက်မှစ၍ မိခင်နှင့်အတူ တစ်မြို့တည်း၊ တစ်အိမ်တည်း အတူနေမိသားစုဝင်များဖြစ်၍ သဘောတူညီမှုမရှိပါက အဆိုပါ ၁၆-၂-၂၀၀၁ ရက်မှစတင်ကာ ၇-၃-၂၀၁၃ ရက်အထိ (၁၂)နှစ်ကျော်ကာလအတွင်း မိခင်ပြုလုပ်ခဲ့သည့် ကိစ္စရပ်များကို ကန့်ကွက်ပြောဆိုဆောင်ရွက်ခဲ့ရမည်ဖြစ်ပါသည်။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ခင်ပွန်းကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူဒေါ်ရင်မေမှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ရာ ယနေ့တိုင်ဒေါ်ရင်မေသက်ရှိထင်ရှားရှိနေပြီး ဒေါ်ရင်မေ တာချီလိတ်မြို့၊ ဟောင်လိတ်ကျေးရွာအုပ်စု၊ လွယ်စတုံတောင်ကွင်း၊ ဆုတောင်းပြည့်ရပ်၊ ဆုတောင်းပြည့်အနောက်ရပ်ရှိ မြေဧရိယာ ၁၃၃ဧကနှင့် ယင်းမြေကွက်ပေါ်ရှိ ပုဂ္ဂလိကနှစ်ထပ်ဈေး မြေဧရိယာ ၆ ဒသမ ၀၀ဧကရှိ မြေအစိတ်အပိုင်းတို့မှာ ဒေါ်ရင်မေတစ်ဦးတည်းမှ စီမံခန့်ခွဲဆောင်ရွက်လုပ်ကိုင်ရောင်းချခဲ့ခြင်းသည် တစ်မြို့တည်း၊ တစ်အိမ်တည်းအတူနေ မိသားစုဝင်များဖြစ်ကြသည့် ဦးအိုက်စင်း၊ ဦးအိုက်ဟောက်၊ ဒေါ်နန်းမုန့်တို့အနေဖြင့် ယခင်ကာလကတည်းက ကျေနပ်သဘောတူလက်ခံခဲ့ပြီးဖြစ်သည်ဟု ဥပဒေအမြင်အရ မှတ်ယူရမည်ဖြစ်ရာ ဘုရင့်နောင် အမည်ဖြင့် ပုဂ္ဂလိကနှစ်ထပ်ဈေးအဆောက်အအုံနှင့် မြေဧရိယာ ၆ ဒသမ ၀၀ဧကတို့မှာ ဒေါ်ရင်မေနှင့်သော်လည်းကောင်း၊ ၎င်း၏သားသမီးများနှင့်သော်လည်းကောင်း လုံးဝလုံးဝအကျိုးသက်ဆိုင်ခွင့်မရှိ၊ အရေးဆိုပိုင်ခွင့်ရှိသူများမဟုတ်ပါ။

ယခုအခါ ဒေါ်ရင်မေသည် တစ်ဖက်ထိုင်းနိုင်ငံသားမှတ်ပုံတင်ကိုင်ဆောင်၍ နိုင်ငံသားခံယူထားမှု၊ လိမ်လည်မှု၊ အလွဲသုံးစားပြုလုပ်မှု၊ စာရွက်စာတမ်းအတုပြုလုပ်မှုတို့ဖြင့် ကျိုင်းတုံအကျဉ်းထောင်တွင် ထောင်ကျအကျဉ်းသားအဖြစ် ပြစ်ဒဏ်ကျခံနေရပြီး သားသမီးသုံးဦးမှ ထပ်မံ၍ မိခင်ပြုလုပ်ခဲ့သည့်ကိစ္စအရပ်ရပ်အားလုံးသိရှိကျေနပ်သဘောတူလက်ခံခဲ့ပြီးသည့် သကာလ နောက်မှ အကြံရ၍ မမှန်မကန် ဖော်ပြကန့်ကွက်ကြေညာခြင်းကြောင့် ကျွန်ုပ်၏မိတ်ဆွေသည် လူမှုရေး၊ စီးပွားရေး၊ ဂုဏ်သိက္ခာပိုင်းတို့တွင် ထိခိုက်စေသည့်အပြင် တမင်ရည်ရွယ်ချက်ရှိရှိဖြင့် အနှောင့်အယှက်ပေးခြင်းဖြစ်ရာ ၇-၃-၂၀၁၃ ရက် ကန့်ကွက်ကြော်ငြာချက်အား ဦးသိန်းလှ(တရားလွှတ်တော်ရှေ့နေ) စဉ်-၆၁၉၃၊ ဦးအိုက်စင်း ၁၃/တခလ(နိုင်)၀၄၂၇၅၄၊ ဦးအိုက်ဟောက် ၁၃/တခလ(နိုင်)၀၄၂၇၅၆နှင့် ဒေါ်နန်းမုန့် ၁၃/တခလ(နိုင်)၀၄၂၇၅၇တို့အနေဖြင့် ပြန်လည်ရုပ်သိမ်းတောင်းပန်ပါရန် အတိအလင်းတောင်းဆိုအပ်ပါသည်။ ပျက်ကွက်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ဦးထွန်းနေဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းအောင်ကျော်
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၇၈)
အမှတ် ၃၃၊ ပထမထပ်၊ ဓမ္မစိန္တာလမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄၊ မြေကွက်အမှတ် ၄၁၄/အေ၊ အလျား ၆၃ ပေ× အနံ ၆၇/၈၀ ပေ အကျယ်ရှိ မရမ်းကုန်းမြို့နယ်၊ (၅) ရပ်ကွက်၊ တပင်ရွှေထီးလမ်းသွယ်(တပင်ရွှေထီးလမ်းသွယ်နှင့် ကေတုမတီလမ်းထောင့်ကွက်)၊ အမှတ် ခ/၃ ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပတ်သက်ဆက်နွှယ်နေသည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်သူ ဦးအယ်(လ်)တန်ဆန်း ၁၂/မရက(နိုင်)၁၂၅၄၅၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ ကြော်ငြာပါ သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးမြင့် LL.B,D.B.L
တရားလွှတ်တော်ရှေ့နေ၊ လိုင်စင်အမှတ်-၇၃၅၈
အမှတ် ၅၀(ပထမထပ်)၊ အခန်းအမှတ် A-1၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၆၄၆၆၇

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ဗိုလ်သူရလမ်း၊ အမှတ် ၇၆ ဟုခေါ်တွင်သော ကန်ထရိုက်တိုက်၏ ခြေရင်းခြမ်း(မြေညီထပ်နှင့်ဟောင်ကောင်ထပ်ခိုး) အလျား ၁၂ ၁/၂ပေ×အနံ ပေ၄၀ အကျယ်ရှိ တိုက်ခန်းနှင့်တိုက်ခန်း၌ တပ်ဆင်ထားသော ကိုယ်ပိုင်ရေမော်တာတစ်လုံး၊ ကိုယ်ပိုင်မီတာတစ်လုံးအပါအဝင် တိုက်ခန်းနှင့်ပတ်သက်ဆက်နွှယ်နေသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်သူ ဦးကာစီ ၁၂/ကမတ(နိုင်)၀၄၆၇၈၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးမြင့် LL.B, D.B.L
တရားလွှတ်တော်ရှေ့နေ၊ လိုင်စင်အမှတ်-၇၃၅၈
အမှတ် ၅၀၊ ပထမထပ်၊ အခန်းအမှတ် A-1၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၆၄၆၆၇

ကြော်ငြာ

SHWEDAGON Media Kit (Map & Guide Book)

မြန်မာနိုင်ငံတွင် ပထမဦးဆုံး ထုတ်ဝေမှုဖော်လိုက်သော SHWEDAGON 3D MAP

တပေါင်းလပြည့်နေ့ကိုမှုဖော်သောအားဖြင့် ကျွန်ုပ်တော်တို့ HTUT Co.,Ltd မှ မြန်မာနိုင်ငံ၏ အထွတ်အမြတ်ဖြစ်သော ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်လေ့လာရာတွင် လက်တွေ့အသုံးပြုနိုင်သောလမ်းညွှန်စာအုပ်နှင့် ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တော်တစ်ခုလုံးကို ကောင်းကောင်းပေယင်မှုမြင်တွေ့ရသော မြန်မာနိုင်ငံတွင်ပထမဦးဆုံး ရွှေတိဂုံစေတီတော် 3D Map (Paper Size 27" x 17") ပါရှိသော SHWEDAGON Media Kit ကြီးကို ဂုဏ်ယူဝင့်ကြွားစွာ HTUT Co.,Ltd မှ ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

ရွှေတိဂုံစေတီတော်ကြီးသည် မြန်မာနိုင်ငံ၏အထင်ရှားဆုံးနှင့် အထွတ်အမြတ်ဆုံးသောနေရာဖြစ်ခြင်း၊ ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် ရွှေတိဂုံစေတီတော်ကြီးကို မဖြစ်မနေဖူးမြော်ကြခြင်းတို့ကြောင့် မြန်မာဘာသာအပြင် English, Chinese, Thailand ဘာသာများဖြင့် ထုတ်ဝေမည်ဖြစ်သောကြောင့် စိတ်ဝင်စားသော Travel & Tours Company များ၊ Tourist Guide များ၊ Transportation Company များ SHWEDAGON Media Kit ကို အထူးနှုန်းထားဖြင့် မှာယူနိုင်ပါသည်။

ရန်ကုန်မြို့အတွင်း (၁၀)စောင် အထက်မှာယူသော Customer များကိုလည်း အိမ်တိုင်ရာရောက် ပို့ဆောင်ပေးသွားမည်ဖြစ်ပါသည်။

HTUT Address: Building A, Room(9A/8B), Hnin Si St, Highway Complex, Kamayut Tsp, Yangon, Myanmar.

Hotline: 09 7310 5687, 09 7312 4999, 09 4303 2187

www.shwedagonmediakit.com

တံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီ၏ တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီးကမာရွတ်မြို့နယ်(Highway Complex) နှင်းဆီလမ်း တိုက်(A)၊ အခန်း(9A) တွင်တည်ရှိသော HTUT COMPANY LIMITED ၊ ကုမ္ပဏီမှတ်ပုံတင် အမှတ် - ၄၂၅၉/၂၀၁၂-၂၀၁၃(ယာယီ)၏ အောက်ဖော်ပြပါ တံဆိပ်အမည် အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ကုမ္ပဏီတစ်ခုတည်း၏ မူပိုင်ဖြစ်ကြောင်း မှတ်ပုံတင်အမှတ်-၁၇၁၀/၂၀၁၃ဖြင့်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

ကုန်အမှတ်တံဆိပ်အမည် အမှတ်အသား။

HTUT COMPANY LTD

မှတ်ပုံတင်အမှတ်(၁၇၁၀/၂၀၁၃)

HTUT COMPANY LIMITED သည် "HTUT" ကုမ္ပဏီအမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် လမ်းညွှန်မြေပုံစာအုပ်အမျိုးမျိုး၊ လက်ဆောင်ပစ္စည်းအမျိုးမျိုးကို မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။ "HTUT" တံဆိပ်အမည်အမှတ်အသားသည် ကျွန်ုပ်အမှုသည် HTUT COMPANY LIMITED ၏တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း၊ ယင်းတံဆိပ်အမှတ်အသားများကို တုပ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများမပြုရန်နှင့် ပြုလုပ်သူမည်သူ့ကိုမဆို တရားဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားများနှင့် ဆင်တူယိုးမှား၊ ထပ်ယောင်ထပ်မှား ဖြစ်စေသည့် တံဆိပ်အမည်အမှတ်အသားဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူ မည်သူ့ကိုမဆို ဥပဒေ၏ ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

ဦးချစ်ကိုကို

LL.B,H.G.P.,Dip in Business Law, Dip in Applied Psychology, Dip in Maritime Law

တရားလွှတ်တော်ရှေ့နေကြီးနှင့် ဗီဇာအရေးလုပ်ငန်းဥပဒေဆိုင်ရာ အကြံပေးပုဂ္ဂိုလ်

ဦးအောင်မြင့်ထွန်း	ဦးရာဇာဝင်း	ဦးအောင်မြင့်မြတ်ဟွင်
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ
ရဲ-၇၇၇၁	ရဲ-၃၉၆၀၃	ရဲ-၃၉၂၆၇

အမှတ်(၆၀)မဟာဗန္ဓုလပန်းခြံလမ်းကျောက်တံတားမြို့နယ်ရန်ကုန်မြို့၊ ဖုန်း- [illegible]

(ရွှေမင်းကံ) "ဂုဏဝိသိဋ္ဌပူဇာ"

နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနမှ ၄-၁-၂၀၁၃ရက် လွတ်လပ်ရေးနေ့တွင် "သဒ္ဓမ္မဇောတိကဓဇ"(သာသနာပြု) ဘွဲ့တံဆိပ်တော်ကို ကြေညာဆက်ကပ် လှူဒါန်းခြင်းခံရသော ဘဒ္ဒန္တကေသရ (ရွှေမင်းကံဆရာတော်)အား ဂုဏ်ပြုပူဇော်ပွဲ အလှူတော်မင်္ဂလာကို ဖော်ပြပါဌာနများတွင် ပြုလုပ်မည်ဖြစ်ပါ၍ ဆရာတော်၏ ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုနိုင်ကြပါသည်။

၁။ ချောက်မြို့နယ်၊ ပခန်းငယ်အုပ်စု၊ မင်းကန်ရွာကျောင်း
၂၈-၃-၂၀၁၃ရက် (ကြာသပတေးနေ့)
ဖုန်း-၀၉-၄၀၁၅၇၁၇၈၀၊ ၀၉-၄၉၃၀၈၆၂၃

၂။ မိုးကုတ်ဓမ္မရိပ်သာ ရွှေမင်းကံကျောင်း၊ သြဇာလမ်း၊
၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊
၃၁-၃-၂၀၁၃ ရက်(တနင်္ဂနွေနေ့)
ဖုန်း-၀၁-၈၀၁၀၀၀၁၊၀၉-၄၂၀၀၅၃၆၈၈၊၀၉-၄၉၃၀၈၆၂၃

ကန့်ကွက်နိုင်ပါသည်

[illegible]

ဦးဝင်းလှိုင်
(၁၂/သဃက(နိုင်)၀၁၃၄၃၆၅)
[illegible]

ကန့်ကွက်နိုင်ပါသည်

[illegible]

ဦးဝင်းလှိုင်
(၁၂/သဃက(နိုင်)၀၁၃၄၃၆၅)
[illegible]

Golden Brothers Travels
0943030023,0973221130

အိမ်နှင့် ခြံအမြန်ရောင်းမည်

ရေ၊ မီး၊ ဘိုးဘ၊ သုခဝတီရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ 61'x75' ၊ သစ္စာလမ်းမကြီး၊ ဂုတ်အိမ်၊ BN၊
ရောင်းဈေး သိန်းကိုးထောင်၊
ဖုန်း-၅၇၈၁၆၇၊ ၀၉-၅၀၁၇၅၀၂

ကားရောင်းမည်

Kluger 3.0 (4 WD)
G (Grade) Pearl White (စတီ)
Leather seat,Power seat,Sun roof, TV, Back Camera
(245) သိန်း
ဖုန်း-၀၉-၇၃၂၃၃၅၇၀၊
၀၉-၇၃၂၂၅၃၇၄၊ ၀၉-၇၃၀၈၈၂၈၀

ဗလငါးတန်

ဖွံ့ဖြိုးဖို့

စာအုပ်စာပေ

လေ့လာစို့

နိုင်ငံတကာအားကစားသတင်း

အင်တာမီလန်နဲ့ ဂျူဗင်တပ်စ်တို့ ထိပ်တိုက်ဆုံပြီ

အီတလီစီးရီးအေပွဲစဉ်တွေကို မတ် ၃၀ ရက်မှာ ဆက်လက်ဆင်နွှဲကြမှာဖြစ်ပါတယ်။ ဂျူဗင်တပ်စ်တို့က တန်းစီဇယားကို ဒုတိယနေရာကနာပိုလီနဲ့ ပွဲတူ ၁၉ မှတ်အကွာနဲ့ ဦးဆောင်နေတာမို့ စီးရီးအေဖလားအတွက် ရင်ခုန်လှုပ်ရှားစရာ မကောင်းပေမယ့် ချန်ပီယံလိဂ်ဝင်ခွင့်နဲ့ တန်းဆင်းဇုန်ထဲက ရုန်းထွက်ကြမယ့်ပွဲတွေကတော့ စိတ်ဝင်စားစရာ ကောင်းနေပြန်ပါတယ်။

မိုးမြင့်လင်းလက်- ရေးသားသည်

အင်တာမီလန်နှင့် ဂျူဗင်တပ်စ်

အကြိတ်အနယ် ကြိုးစားကြရမယ့် ပွဲပါပဲ။ အင်တာမီလန်ဟာ ရပ်တည်မှုခိုင်မာဖို့အတွက် ခြေကုန်ထုတ်မှာ ဖြစ်သလို ဂျူဗင်တပ်စ်တို့ကလည်း ဂုဏ်သိက္ခာအတွက် အားထုတ်မယ့်ပွဲဖြစ်ပါတယ်။ အင်တာမီလန်ဟာ ပြီးခဲ့တဲ့ ပွဲစဉ်မှာ ဘိုလော့နာကို အိမ်ကွင်းမှာ ရှုံးထားတာမို့ အခုပွဲမှာ ဂျူဗင်တပ်စ်နဲ့ ဘယ်လိုရလဒ်ထုတ်မလဲဆိုတာ ကြည့်ရမှာဖြစ်ပါတယ်။ အင်တာမီလန်တို့က အမှတ်လိုအပ်ချက် ပြင်းပြနေတာမို့ စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားပြီး အမှတ်ရအောင် ကြိုးစားပါလိမ့်မယ်။

တိုရီနိုနှင့် နာပိုလီ

တန်းဆင်းဇုန်နဲ့ ဝေးအောင် ကြိုးစားနေတဲ့ တိုရီနိုအတွက်တော့ နာပိုလီတို့ကြောင့် စိတ်အေးချမ်းနိုင်ဖွယ်မရှိမယ့်ပွဲပါပဲ။ နာပိုလီတို့ကလည်း ဒုတိယနေရာက အေစီမီလန်ရဲ့ ဖိအားကြောင့် အနိုင်ရမှ ဖြစ်မယ့် အနေအထားမို့ အမြင့်မားဆုံးအားထုတ်မှုတွေနဲ့ ဆောင်ကြဉ်းဖို့ ကြိုးစားပါလိမ့်မယ်။ နာပိုလီတို့ကလည်း တန်းစီဇယားမှာ အနေအထားကောင်းဖို့ လိုအပ်နေတာမို့ တိုက်စစ်မှူးကာဗာနီရဲ့ ခြေစွမ်းကြောင့် အဆိုးရွားဆုံးရလဒ်ကိုတော့ ဖန်တီးလိမ့်မယ်လို့ မထင်ပါဘူး။

ချီယေးဗိုနှင့် အေစီမီလန်

ရလဒ်ကောင်းအောင် ရုန်းကန်နေရတဲ့ ချီယေးဗိုဟာ နိုင်ပွဲတွေ ဆက်တိုက်ရထားတာမို့ အေစီမီလန်တို့ သတိထားရပါလိမ့်မယ်။ အဝေးကွင်း၊ အိမ်ကွင်းတွေမှာ ရလဒ်တွေကောင်းနေတဲ့ အေစီမီလန်တို့ကလည်း အမှတ်ပြည့်ရဖို့ မဖြစ်မနေ ရုန်းကန်ရမှာမို့ ဒီပွဲက အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။

ကာဂလီယာရီနှင့် ဖီအိုရင်းတီးနား

နှစ်သင်းစလုံး ခြေကုန်ထုတ်ကြမယ့်ပွဲပါပဲ။ ကာဂလီယာရီဟာ အသင်းလိုက် ကစားအားကောင်းပေမယ့် ဂိုးသွင်းစွမ်းရည်က ဖီအိုရင်းတီးနားကို မယှဉ်နိုင်ပါဘူး။ ဒါပေမယ့် စုစည်းမှုနဲ့ နားလည်မှုအားပိုကောင်းတဲ့ ဖီအိုရင်းတီးနားတို့က ဂျိုဗီတစ်ဦးဆောင်တဲ့ တိုက်စစ်မှူးတွေ စွမ်းအားနဲ့ ရလဒ်ကောင်းအောင် ကြိုးစားမယ့် အနေအထားရှိပါတယ်။

လာဇီယိုနှင့် ကာတာနီးယား

လာမယ့်နှစ်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ကြိုးစားနေတဲ့ လာဇီယိုတို့အတွက် ကာတာနီးယားဟာ စိန်ခေါ်မှုတစ်ရပ်ပါပဲ။ တန်းမဆင်းရေးကြိုးစားနေတဲ့ ကာတာနီးယားရဲ့ ဆူဝေနေတဲ့စိတ်ဓာတ်ကို လာဇီယိုတို့ ဟန့်တားပြီး အနိုင်ယူမလားဆိုတာ စောင့်ကြည့်ရမယ့်ပွဲပါပဲ။

ပါလာမိုနှင့် ရိုးမား

အသက်ကြီးနေပေမယ့် ရိုးမားကိုအလုပ်အကျွေး ပြုနေဆဲဖြစ်တဲ့ တိုက်စစ်မှူး တော့တီနဲ့ အိုစဗာဒိုတို့ ခြေပေါ်ရင်တော့ ပါလာမိုတို့ အမှတ်ရဖို့ ခက်ခဲပါလိမ့်မယ်။ တန်းစီဇယားအောက်ဆုံး ရောက်ရှိနေတဲ့ ပါလာမိုတို့အတွက် အမှတ်ပြည့် ရယူဖို့ဆိုတဲ့ အိပ်မက်ကို ဘယ်လောက် အထိအကောင်အထည်ဖော်နိုင်မလဲ ဆိုတာ စိတ်ဝင်စားစရာပါ။ ။

အားကစားသတင်း အတိုအထွာ

- နာပိုလီအသင်းမှ ၂၆ နှစ်အရွယ်ရှိ ဘရာဇီးတိုက်စစ်မှူး ကာဗာနီအား လာမည့်နွေရာသီ၌ခေါ်ယူရန် မန်စီးတီးနှင့် ချယ်လ်ဆီးတို့ အပြိုင်ကြိုးစားလျက်ရှိသည်။
- အီတလီကလပ် ဖီအိုရင်းတီးနားမှ ကွင်းလယ်ကစားသမား ဂျိုဗီတစ်အား အာဆင်နယ်အသင်းက ခေါ်ယူရေး ဆွေးနွေးမည်ဖြစ်သည်။
- ဆီဗီလာအသင်း ၂၇ နှစ်အရွယ်ရှိ တိုက်စစ်မှူး နီဂရီဒိုအား အဲဗာတန်အသင်းက စာချုပ်ချုပ်ဆိုခေါ်ယူရန် စီစဉ်နေသည်။
- ဘာစီလိုနာအသင်း နောက်ခံလူတစ်ဦးအား လာမည့်နွေရာသီတွင် ခေါ်ယူရန် မန်စီးတီးက ပြင်ဆင်လျက်ရှိသည်။
- ၂၀၁၄ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဥရောပဘောလုံးအသင်း တစ်သင်းဖလား ရယူနိုင်မည်ဟု ဂျာမနီအသင်းနည်းပြ အိုလီဗာဘာဟို့ဖ်က ပြောကြားသည်။
- အသက် ၂၇ နှစ်အရွယ်ရှိ ဆွမ်ဆီးတိုက်စစ်မှူး မီချူးအား ချယ်လ်ဆီးက ခေါ်ယူရန် စောင့်ကြည့်လျက်ရှိသည်။
- စပိန်အသင်းသည် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားကိုဆွတ်ခူးနိုင်မည်ဟု အပြည့်အဝယုံကြည်နေကြောင်း စပိန်နောက်ခံလူ ကာဗိုလာက ထုတ် ဖော်ပြောကြားသည်။
- ဂျူဗင်တပ်စ် တိုက်စစ်မှူး ဗူစီနစ်က လာမည့် ဘောလုံးရာသီ၌ ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားလိုကြောင်း ပြောကြားသည်။
- ရီးရဲမက်ဒရစ်နည်းပြမော်ရင်ဟိုက လာမည့်ဘောလုံးရာသီ၌ ချယ်လ်ဆီးကလပ်သို့ ပြောင်းရွှေ့တာဝန်ယူလိုသော ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားသည်။
- အာဖရိကဘောလုံးအသင်းများသည် ၂၀၁၄ ခုနှစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ အောင်မြင်မှုမှတ်တမ်းသစ်ရရှိရန် ခက်ခဲမည်ဖြစ်ကြောင်း ဒရော့ဂ်ဘာက ပြောကြားသည်။

မောင်ချစ်ကြည် - ရေးသားသည်

၁၆ ဦးပြိုင်ပွဲသို့ ရှာရာပိုဗာ တက်ရောက်

ရုရှားတင်းနစ်မယ် ရှာရာပိုဗာသည် အမေရိကန်နိုင်ငံ၌ ကျင်းပသည့် မီယာမီတင်းနစ်ပြိုင်ပွဲတွင် တစ်နိုင်ငံတည်းသူ လင်နာဗက်စနီးယားအား အနိုင်ရပြီး နောက်တစ်ဆင့် ၁၆ ဦးပြိုင်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ကမ္ဘာ့တတိယအဆင့်ရှိ ရှာရာပိုဗာသည် လင်နာဗက်စနီးယားအား ၁ နာရီနှင့် ၄၇ မိနစ်အကြာ ကစားခဲ့ပြီးနောက် ၆-၄၊ ၆-၂ ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အသက် ၂၅ နှစ်ရှိ ရှာရာပိုဗာသည် ဂရင်းဆလမ်းဖလား လေးလုံးကို ဆွတ်ခူးထားသူဖြစ်သည်။ သူမသည် ပြီးခဲ့သည့် သီတင်းပတ်ကုန်က အင်ဒီယန်းဝဲလ်ဖလားကိုလည်း ဆွတ်ခူးထားသူဖြစ်သည်။ **(အပေါ်ပုံ)**

မလေးရှားအိုးပင်းဂေါက်ရိုက်ပြိုင်ပွဲ ထိုင်းဂေါက်သီးသမားဗိုလ်စွဲ

ထိုင်းဂေါက်သီးကစားသမား ကီရာဒက်အဖီဘားရတ်သည် မလေးရှားအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည်။ ယင်းဖလားသည် ၎င်း၏ ပထမဆုံးသော ဖလားဖြစ်သည်။ ယင်းဖလားကို ဆွတ်ခူးနိုင်ခဲ့သော ထိုင်းဂေါက်သီးကစားသမားများတွင် အဖီဘာရတ်သည် လေးဦးမြောက်ဖြစ်လာသည်။ ထို့အရင်က သုံးဦးသည် သောင်ချိုင်း၊ ဂျိုက်ဒီ၊ ချာချိုင်းနီရတ်နှင့် သာဝမ်းဝီရာချတ်တို့ ဖြစ်သည်။

ကမ္ဘာ့ဖလားခြေစစ်ပွဲ ဂါရက်ဘေးလ် ကစားမည်

စပါးတောင်ပံကစားသမား ဂါးရက်ဘေးလ်သည် ခရိုအေးရှားနှင့် ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် လေ့ကျင့်နေပြီဖြစ်သည်။

ဂါရက်ဘေးလ်သည် မတ် ၂၆ ရက်တွင် ဆွမ်ဆီးကွင်း၌ ခရိုအေးရှားအသင်းကို လက်ခံကစားမည်ဖြစ်သည်။ ဝေလကစားသမား ဂါရက်ဘေးလ်သည် စကော့တလန်နှင့် ကစားသည့်ပွဲတွင် လူစားအဖြစ် ဝင်ကစားခဲ့ပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရအောင် ကစားပေးနိုင်ခဲ့သည်။ ၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် အုပ်စု (A)မှ ခရိုအေးရှားအသင်းသည် ငါးပွဲကစား၊ လေးပွဲနိုင်ထားပြီး ဝေလအသင်းသည် ငါးပွဲကစား၊ နှစ်ပွဲနိုင်ထားသည်။

ကောင်းမြတ်သူ - ရေးသားသည်

ကျန်အမှတ်တံဆိပ် မှုပိုင်ခွင့်ဆိုင်ရာ သတိပေးကြေညာခြင်း

白いバラ SHIROI BARA

White Rose

Kelvin Chia Yangon Ltd. Law Firm

ရွှေဥဒေါင်းမင်း 09421152677, 09421122687

ပုပ္ပါး ... 125000/- Apr 12

ခေတ်သစ်တရုတ်ပြည်သမိုင်းကို သိချင်လျှင် ဒီစာအုပ်ကိုဖတ်
ဝေးဝေးကြည့် မြင့်မြင့်ပျံသန်းနိုင်ခဲ့သော
တရုတ်ပြည်သူ့သမ္မတနိုင်ငံ
စာရေးသူ-စိန်ဝင်းအောင်(မန္တလေး)
Nay Yee Yee မှ ဖြန့်ချိနေပါသည်။ ဖုန်း-၀၉-၈၆၁၉၉၆၂၊ ၀၉-၄၅၀၀၂၈၆၅

တာဝန်ကျေကြောင်း ကြော်ငြာ

သာစည်မြို့မှ အောင်မြင်ဖြစ်ထွန်းနေသော စီးပွားဖြစ်သခွားမွှေးစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ခေတ်ပညာတတ်လူငယ်တစ်ဦးနှင့် တွေ့ဆုံခြင်း

သတင်း - ဦးချမ်းသာ(မိတ္ထီလာ)၊ ဓာတ်ပုံ - ထွန်းထွန်း(သာစည်)

မိတ္ထီလာ ဖေဖော်ဝါရီ ၁၈

သာစည်မြို့အဝင် သာစည်-မိတ္ထီလာကားလမ်းမဘေးတွင် မင်းလှကန်ရှိသည်။ မင်းလှကန်အနောက်ဘက်ကွင်းပြင်တွင် နွေဦးပေါက်အခါမျိုး၌ တွေ့နိုင်ခဲ့သည့် ကမ္ဗလာအစိမ်းရောင်လွင်ပြင်တစ်ခုကို တွေ့နိုင်လေသည်။ ၎င်းအစိမ်းရောင်လွင်ပြင်မှာ ခေတ်ပညာတတ်လူငယ်တစ်ဦးဖြစ်သူ ကိုဇော်မင်း၏ အောင်မြင်ဖြစ်ထွန်းနေသော စီးပွားဖြစ်သခွားမွှေးစိုက်ပျိုးရေးလုပ်ငန်းအတွင်းရှိ မြစိမ်းရောင်သမ်းနေသည့်သခွားမွှေးစိုက်ခင်းများဖြစ်သည်။ Botany ဖြင့် ဘွဲ့ယူခဲ့ပြီး အိမ်နီးချင်းပြည်ပနိုင်ငံအထိ စီးပွားဖြစ် သခွားမွှေးများ စိုက်ပျိုးတင်ပို့ရောင်းချနေသည့် ခေတ်ပညာတတ်လူငယ် ကိုဇော်မင်းနှင့်တွေ့ဆုံကာ စီးပွားဖြစ်သခွားစိုက်ပျိုးရေးလုပ်ငန်း အောင်မြင်စွာ လုပ်ကိုင်နေခြင်း အခြေအနေတချို့ကို မေးမြန်းခဲ့သည်။

မေး ။ ။ သခွားမွှေးစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့တာ ဘယ်နှရာသီရှိပြီလဲဗျ။

ဖြေ ။ ။ ဒီမှာတော့ ဒီနှစ်ပထမဆုံး စတင်စိုက်ပျိုးလုပ်ကိုင်တာပါ။ တခြား မိတ္ထီလာအနီးတစ်ဝိုက်က မလှိုင်၊ ဝမ်းတွင်း စတဲ့မြို့တွေမှာလည်း စိုက်ပျိုးလုပ်ကိုင်ဖူးပါတယ်။

မေး ။ ။ စိုက်ပျိုးတဲ့ သခွားမွှေးအမျိုးအစားကို သိပါရစေ။

ဖြေ ။ ။ သခွားမွှေးက မျိုးကွဲတွေများပါတယ်။ ထိုင်း၊ ထိုင်ဝမ် မျိုးစပ်တာတွေလည်းရှိတယ်။ အဓိက တင်ပို့ရောင်းချဖို့ စိုက်ပျိုးထားတာတော့ ရွှေသခွားပါ။

မေး ။ ။ သခွားမွှေးတစ်ဧကကို ခန့်မှန်းဘယ်နှတန်ခန့်ထွက်သလဲ။

ဖြေ ။ ။ ၁၂ တန်ခန့်ထွက်ပါတယ်။ ဟိုဘက်မှာရောင်းတော့ တစ်တန်ကို တရုတ်ငွေအနည်းဆုံး ၃၅၀၀ ကနေ ၇၀၀၀ အထိရောင်းချရပါတယ်။ ဈေးကွက်ကောင်းတဲ့အချိန်နဲ့ ကိုယ်စိုက်ပျိုးအောင်မြင်တဲ့အချိန် တိုက်ဆိုင်ရင် စိုက်ပျိုးသူအတွက် အကောင်းဆုံးဖြစ်ပါတယ်။

မေး ။ ။ စိုက်ပျိုးဧကနဲ့တစ်ဧက အရင်းအနှီးဘယ်လောက်ထိ ရင်းနှီးမြှုပ်နှံထားပါသလဲ။

ဖြေ ။ ။ သခွားမွှေး ၁၈ ဧကနဲ့ ဖရဲ ငါးဧကခန့်ဖြစ်ပြီး သခွားမွှေးတစ်ဧကကို သိန်း ၃၀၊ ၃၅ သိန်းအထိ ရင်းနှီးမြှုပ်နှံရပါတယ်။ ဖရဲကတော့ ၁၅ သိန်း၊ သိန်း ၂၀ အထိရင်းနှီးရပါတယ်။ ဒါစိုက်ပျိုးရေးအတွက် သီးသန့်အရင်းအနှီးပဲဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်သားခနဲ့ ထုပ်ပိုးတင်ပို့စရိတ်တော့ မပါဝင်ပါဘူး။

မေး ။ ။ တင်ပို့ရောင်းချရတဲ့ ဈေးကွက်အခြေအနေကျတော့ရော ဘယ်လိုအနေအထားရှိပါသလဲဗျ။

ဖြေ ။ ။ မူဆယ် ၁၀၅ မိုင်ဂိတ်ကနေတစ်ဆင့် တရုတ်နိုင်ငံထဲကို တင်ပို့ရောင်းချရတာပါ။ ခုလောလောဆယ်တော့ တရုတ်ဘက်မှာလည်း အထွက်နည်းတော့ ဈေးကွက်ကောင်းပါတယ်။ တင်ပို့ရောင်းချတဲ့နေရာမှာ ရှယ်၊ ထူးရှယ်၊ အိုဗာရှယ်စတဲ့ ကတ်ပုံးဖာ ခုနစ်မျိုးလောက်နဲ့ စနစ်တကျထုပ်ပိုးပြီးမှ တင်ပို့ရောင်းချရတာပါ။

မေး ။ ။ သခွားမွှေးစိုက်ခင်းနဲ့အတူ ဖရဲတွေလည်း တော်တော်စိုက်ပျိုးအောင်မြင်နေတာတွေ့ရတယ်။ စိုက်ပျိုးတဲ့လုပ်ငန်းမှာ ဘယ်လိုအခက်အခဲတွေ တွေ့ကြုံရပါသလဲ။

ဖြေ ။ ။ ကျွန်တော့်သခွားမွှေးနဲ့ ဖရဲစိုက်ခင်းမှာတော့ သီးနှံမှိုတက်တာနဲ့ ပိုးစားပြီးပျက်တဲ့အခက်အခဲကို အဓိကရင်ဆိုင်ရပါတယ်။

မေး ။ ။ မြေဩဇာကို ဘယ်လိုသုံးပါသလဲ။

ဖြေ ။ ။ လက်တွေ့မြေဩဇာဆို လူတွေက ဓာတ်မြေဩဇာပဲသုံးတယ်ထင်နေကြတယ်။ အဲလိုမဟုတ်ပါဘူး။ ကျွန်တော်တို့က ဓာတ်မြေဩဇာကို အပင်ကြီးထွားချိန်နဲ့ ရောဂါပိုးကာကွယ်ဖို့လိုအပ်တဲ့အချိန်မှာပဲ ချင့်ချိန်ပြီးသုံးပါတယ်။ အဓိကသုံးတဲ့မြေဩဇာကတော့ သဘာဝမြေဩဇာ(နွားချေး)ကို အဓိက ရောစပ်သုံးစွဲတာပါ။

မေး ။ ။ သခွားမွှေးက ဘယ်လိုရာသီဥတုကို ကြိုက်နှစ်သက်ပါသလဲ။

ဖြေ ။ ။ ခြောက်သွေ့စိုစွတ်ရာသီဥတုမျိုးကို နှစ်သက်တယ်လို့ စိုက်ပျိုးခဲ့တဲ့အတွေ့အကြုံအရ သိရပါတယ်။

မိမိနိုင်ငံတစ်ဝန်း နေရာဒေသအနှံ့အပြားရှိ စိုက်ပျိုးမြေယာဧရိယာ တော်တော်များများတွင် အိမ်နီးချင်းလူမျိုးစုတို့၏ ငှားရမ်းစိုက်ပျိုး ထုတ်လုပ်ရေးလုပ်ငန်းများသည် တိုင်းရင်းသားစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူတို့အား အရင်းအနှီး၊ နည်းပညာဈေးကွက်အနေအထား စသည်တို့ဖြင့် ယှဉ်ပြိုင်လုပ်ကိုင်လျက်ရှိရာ ဒေသခံတိုင်းရင်းသား စိုက်ပျိုးရေးလုပ်ကိုင်သူတို့အတွက် နည်းပညာတွင် ယှဉ်ပြိုင်နိုင်သော်လည်း အရင်းအနှီးဈေးကွက် စသည်တို့တွင် ယှဉ်ပြိုင်နိုင်စွမ်းအားနည်းလျက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိသူများမှ လိုအပ်သည့်အကူအညီများကို ပံ့ပိုးကူညီနိုင်လျှင် ဒေသခံများ၏ စီးပွားဖြစ်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးကာ မြို့ပြနှင့်ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့နည်းကွာဟချက် ကျဉ်းမြောင်းလာပြီး နိုင်ငံ၏ စိုက်ပျိုးကုန်ထုတ်လုပ်ငန်းမှ တိုင်းပြည်ဝင်ငွေတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

အောင်မြင်ဖြစ်ထွန်းနေသော သခွားမွှေးစိုက်ခင်း

ကျောက်မဲမြို့တွင် မိုးခေါင်ပြီး မိုးနည်းပါးမှုကြောင့် ယခုရက်ပိုင်းများအတွင်း ပြည်သူများ ရေလုံလောက်စွာသုံးစွဲနိုင်ရေးအတွက် ကျောက်မဲမြို့ စည်ပင်သာယာရေးအဖွဲ့က ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း အမှတ်(၇)ရပ်ကွက်တွင် လေးလက်မ စက်ရေတွင်းတစ်တွင်းတူးဖော်ခဲ့ရာ ယခုအခါ အောင်မြင်စွာ ရေထွက်နေမှုများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်နှင့်အဖွဲ့ မတ် ၂၂ ရက်က ကြည့်ရှုစစ်ဆေးစဉ်။ (၀၉၀)

တရားမဝင်ကျွန်းသစ်သယ်သည့်ကား တိမ်းမှောက် ခရီးကြုံစီးလာသူတစ်ဦးသေဆုံး

လက်ပံတန်း မတ် ၂၄

မတ် ၁၆ ရက် နံနက် ၆ နာရီက လက်ပံတန်းမြို့နယ် ရဲစခန်းအပိုင် အရှေ့မြောက် ၄၆ မိုင်အကွာ မြောက်ဇာမဏီ သစ်တောကြိုးဝိုင်းအတွင်း သစ်ထုတ်လုပ်ရေးလမ်းတွင် ထော်လာဂျီ(ဖော်ကာ) တစ်စီးတိမ်းမှောက်၍ လူတစ်ဦးသေဆုံးကြောင်း သတင်းရရှိသဖြင့် စခန်းမှူးရဲအုပ်ထွန်းလွင်၊ တာဝန်မှူး ဒုရဲအုပ်သန့်ဇော်ထွန်းနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် စောမြင့်လှိုင်တို့အဖွဲ့ သွားရောက်စစ်ဆေးရာ ယာဉ်မောင်းဇော်လင်း (၄၅)နှစ် မောင်းနှင်သော ထော်လာဂျီကားမှ တရားမဝင်ကျွန်းခဲွသား ၃၁ ချောင်း၊ ၃ ဒသမ ၅၅၂၈ တန်ခန့် ကျွန်းသစ်လုံး သုံးလုံး၊ ၀ ဒသမ ၇ တန် စုစုပေါင်း ၄ ဒသမ ၂၅ တန်ခန့် ခန့်မှန်း တန်ဖိုးငွေကျပ် ၅၅၃၉၂၀ ခန့်ကို သယ်ဆောင်လာစဉ် ကုန်းအတက်၌ နောက်ပြန်ကျပြီး တိမ်းမှောက်သွားသဖြင့် ကားနောက်တွင် ခရီးကြုံလိုက်ပါလာသော ရွှေကြီးမြင့် ရပ်ကွက် စိန်ကန့်လန့် မင်းလှမြို့နယ် နေနိုင်ဦး(၃၀)နှစ်မှာ ကားပေါ်မှ ပြုတ်ကျပြီး ကားပိသဖြင့် ဦးခေါင်းယာဘက်ကွဲ၍ သေဆုံးသွားပြီး ၎င်းနှင့်တစ်ရွာတည်းနေ မဝင်းဝင်းထွေးမှာ ဝဲဘက်မျက်လုံးနှင့် ဦးခေါင်းနောက်စေ့ ဖူးယောင်ဒဏ်ရာများနှင့် ညာဘက်ခါးစောင်းနာကျင်ဒဏ်ရာများ ရရှိသွားကြောင်း သိရသည်။

ယာဉ်မောင်း ဇော်လင်းအား အရေးယူနိုင်ရန် လက်ပံတန်းရဲစခန်းမှ အမှုဖွင့်အရေးယူထားရှိပြီး တရားမဝင်ကျွန်းသစ်များ သယ်ဆောင်ခြင်းကို ပပက ၆ (၁)ဖြင့် သီးခြား အမှုဖွင့်အရေးယူထားရှိကြောင်းသိရသည်။ **စိန်ဝင်းမောင်**

ကားလမ်းမပေါ် စကိတ်စီးသူများကြောင့် ယာဉ်အန္တရာယ်ဖြစ်နိုင်

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်အတွင်းရှိ ကားလမ်းမတချို့တွင် စကိတ်စီးနေသည့်အတွက်ယာဉ်မောင်းများ စိတ်အနှောင့်အယှက်ဖြစ်ရသည့်အပြင် မမျှော်လင့်ဘဲ ယာဉ်တိုက်မှုများဖြစ်ပွားနိုင်သည်ကို တွေ့မြင်နေရသည်။

"ကားလမ်းမမှာ စကိတ်စီးတာ လုံးဝမဖြစ်သင့်ဘူး၊ မြို့တွင်းလမ်းတွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေက ဖြတ်သန်းကူးလူးရတဲ့နေရာမှာ အဆင်ပြေဖို့အတွက် မြေသားလမ်းတွေကို ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့် ခင်းကျင်းပေးခဲ့တယ်၊ ဒါကို လမ်းဘေးမျက်နှာစာမှာနေတဲ့ အိမ်တွေက ဆယ်ကျော်သက်အရွယ် ယောကျ်ားလေးတွေဟာ ကတ္တရာလမ်းပေါ်မှာ စကိတ်စီးနေတာတွေ့ရတယ်၊ တစ်ခါတရံကားလမ်းမ အလယ်ဗဟိုထိတက်ပြီး စကိတ်စီးနေတာတွေ့ရတယ်၊ စက်ဘီးနင်းသူအတွက်ကတော့ ရှောင်တိမ်းလို့ရပေမယ့် မော်တော်ကား၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူတွေအတွက်ကတော့ ဘယ်လိုမှ ရှောင်တိမ်းလို့မရဘူး၊ ယာဉ်တိုက်မှုကို လက်ယပ်ခေါ်နေသလိုဖြစ်နေတယ်၊ မိဘတွေအနေနဲ့ သွန်သင်ဆုံးမဖို့ကောင်းတယ်" ဟု အသက် ၃၅ နှစ်ရှိ ပျဉ်းမနားမြို့ ဥယျာဉ်စုရပ်ကွက် ပေ ၈၀ လမ်းမှ ဒေသခံတစ်ဦးက သုံးသပ်ပြောဆိုသည်။

ယခုလက်တလော နေပြည်တော် ပျဉ်းမနားမြို့ရှိ မြို့တွင်းလမ်းများ အနက် ဗိုလ်ချုပ်လမ်း၊ ဘုရားလမ်းနှင့် ချမ်းအေးရပ်ကွက်ရှိ ၉ လမ်း၊ ဥယျာဉ်စုရပ်ကွက် အုပ်စုရှိပေ ၈၀ လမ်းမကြီးစသည့် လမ်းမပေါ်တွင် လူငယ်တချို့ အထူးသဖြင့် ညအခါ စကိတ်စီးနေသည်ကို တွေ့ရပြီး သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများနှင့် မိဘများက သွန်သင်ဆုံးမရန် အထူးလိုအပ်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မီးသတ်ပြု

ရခိုင်သဟာယအသင်း (ရန်ကုန်)မှစီစဉ်၍ မအူပင်မြို့သို့ နေ့ချင်းပြန်ခရီးထွက်မည်

ရခိုင်သဟာယအသင်းမှ ဒေသန္တရလေ့လာရေးနှင့် မိတ်ဆုံအပန်းဖြေ နေ့ချင်းပြန်ခရီးစဉ်အဖြစ် မအူပင်မြို့သို့ နှစ်ထပ်သင်္ဘောကြီးဖြင့် ၃၁-၃-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၆း၃၀နာရီတွင် လမ်းသစ်ဘောတံတား၊ မော်တင်လမ်းမှထွက်ခွာမည်ဖြစ်ပါသည်။ သင်္ဘောပေါ်တွင် ရခိုင်ရိုးရာစားသောက်ဖွယ်ရာများကို သက်သာစွာရောင်းချပေးမည်ဖြစ်ပြီး ကြိုက်ဖမ်းစကားပြောပွဲ၊ ရခိုင်ရိုးရာ သုတမေးဖြေပြိုင်ပွဲ၊ အင်္ဂလိပ်ဘာသာဖြင့် စကားရည်လုပွဲ(Debate)၊ ပြဇာတ်၊ ဟောင်စီကစားပွဲ၊ ကံစမ်းမဲဖွင့်ပွဲများဖြင့် တစ်ရက်တာပျော်ရွှင်စွာ ခရီးသွားကြမည်ဖြစ်ပါသည်။ လိုက်ပါလိုသူများအနေဖြင့် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ အောက်ပါအမှုဆောင်များအား ဆက်သွယ်နိုင်ပါသည်။

ဦးလှမောင်သိန်း	ဖုန်း-၀၉-၅၁၃၉၇၉၀	ဦးမောင်နု	ဖုန်း-၀၉-၄၅၀၅၄၀၁၆၄
ဦးသာမြကျော်	ဖုန်း-၀၉-၅၁၅၅၄၁၉	ဦးကျော်ဇောလှ	ဖုန်း-၀၉-၄၃၀၉၆၂၈၉
ဦးထွန်းနိုင်	ဖုန်း-၀၉-၈၅၁၀၄၀၀	ဦးထွန်းဝင်း	ဖုန်း-၀၉-၅၁၉၃၀၈၂
ဦးဦးမြင့်ကျော်	ဖုန်း-၀၉-၅၀၆၄၆၅၃	ဦးကျော်ဝင်းခိုင်	ဖုန်း-၀၉-၅၁၅၇၀၄၈
ဦးသန်းထွန်း	ဖုန်း-၀၉-၅၁၀၄၉၀၁	ဦးဘသိန်း	ဖုန်း-၀၉-၅၁၆၂၁၈၇
အသင်းရုံး	ဖုန်း-၀၁-၄၃၀၁၇၂	ဒေါ်လှလှရီ	ဖုန်း-၀၉-၄၂၀၀၁၀၀၂၀

ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက် ၂၊ အခန်း ၁၀၂ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်အေးရီထံမှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒုတိယဗိုလ်မှူးကြီးသိန်းထွန်း (ငြိမ်း) ၇/ပတန(နိုင်)၀၀၆၃၆၇က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ဘောဇနေဒါယီဆွမ်းစားကျောင်း ကျောင်းအမ ဒေါ်မာလာမြင့်အား **သုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်တော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၃)ဖြင့် ထိုက်ထိုက်တန်တန် ချီးမြှောက်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းသာဂုဏ်ယူပါသည်။

အကျိုးတော်ဆောင်အဖွဲ့

တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်

ASIA KING 01-387973, 09-43114301

- မန်းရွှေစက်တော် လမ်းဘုရားစုံ 35000
- မန်းရွှေစက်တော်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ 65000
- မန်းရွှေစက်တော်၊ ပုဂံ(ရွှယ်တော်လေးဆူ) ညောင်ဦး၊ ပုပ္ပါး၊ မနုဟာ 65000
- မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ 65000
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်ဝမ်း၊ ရွှေတော်ကဘ္ဘူ 75000
- မန်းရွှေစက်တော်၊ ပုဂံ၊ ညောင်ဦး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်ဆမ်း
- မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ Mar29, Apr5,12,13,17

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့
ဦးမောင်လင်း-ဒေါ်မြင့်မြင့်တို့၏သား
ဗိုလ်မြင့်ဇော်လင်း
B.Sc (D.S.A)
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ
(ဦးထွန်းအောင်)-ဒေါ်ခင်ဝင်းကြည်တို့၏သမီး
မအေးသီရိ(ခ)မအိသဉ္ဇာအောင်
B.A (Eng:)
(New Day Energy Co., Ltd.)

တို့သည် ၅-၃-၂၀၁၃ရက် (အင်္ဂါနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မြင့်ဇော်လင်း-မအေးသီရိ

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်သီသီစံ ၆/တဝန(နိုင်)၀၀၃၄၇၃၏ နိုင်ငံကူးလက်မှတ်သည် ခရီးသွားစဉ် ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၁၃၉၃၇၅

စည်းလုံးညီညာ အောင်ကြောင်းဖြာ

ကြော်ငြာ

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆)၏ (၃၂)နှစ်မြောက် ညစာစားပွဲအတွက် ဖိတ်ကြားခြင်း

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆)၏ (၃၂)နှစ်မြောက် ညစာစားပွဲနှင့် မိသားစုတွေ့ဆုံပွဲအား အောက်ပါအတိုင်းပြုလုပ်ပါမည်။

ကျင်းပမည့်ရက် - ၃၁-၃-၂၀၁၃ ရက်(တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် - ည ၇ နာရီ

ကျင်းပမည့်နေရာ - Junction ကောင်းသန့်စားသောက်ဆိုင်၊ (၃၃)ကျိုက်ဝိုင်းဘုရားလမ်း၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊

ညစာစားပွဲအား ယခင်နှစ်မှအတိုင်း ဦးအောင်ကို (အောင်နန်းသာကုမ္ပဏီ)မှ တာဝန်ယူသွားမည်ဖြစ်ပါ၍ မိသားစုနှင့်အတူ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်-
ဦးထွန်းမြတ် ဖုန်း-၀၉-၅၀၁၀၄၆၉

ဟင်္သာတအသင်း
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မိုးကောင်းဆရာတော်ကြီးပူဇော်ပွဲသဘင် ဟင်္သာတအသင်းတိုက်တွင်ကျင်းပမည်

နိုင်ငံတော်မှဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ပူဇော်ခံရသည့် ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသမထေရ်မြတ်အား ဟင်္သာတအသင်းမှ ထပ်ဆင့်ပူဇော်ပွဲသဘင်ကို ၃၁-၃-၂၀၁၃ ရက် (တနင်္ဂနွေနေ့)နံနက် ၈း၃၀ နာရီတွင် ရန်ကုန်မြို့၊ ၄၅လမ်း၊ အမှတ် ၁၈၄/၁၈၆၊ ဟင်္သာတအသင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပမည်ဖြစ်ပါသည်။

ပူဇော်ပွဲနေ့တွင် ဆရာတော်ကြီးအား နေ့ဆွမ်းဆက်ကပ်ပြီး ဒါတဗ္ဗဝတ္ထုလှူဖွယ်အစုစုကို စုပေါင်းလှူဒါန်းပူဇော်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများနှင့် ဟင်္သာတနွယ်ဖွားများ တက်ရောက်ကြည်ညိုကုသိုလ်ပါဝင်ယူနိုင်ကြပါရန် အသိပေးနိုးဆော်အပ်ပါသည်။

(ဦးကြည်မြင့်)-ဒေါ်ထွေးထွေးဝင်းနှင့် သားသမီးများ အောင်ချမ်းသာ-အောင်သုခပုံနှိပ်နှင့် စက္ကူအမျိုးမျိုးရောင်းဝယ်ရေးမိသားစုက ဟင်္သာတမုန့်ဟင်းခါးဖြင့် ကျွေးမွေးဧည့်ခံပါမည်။

အမှုဆောင်အဖွဲ့
ဟင်္သာတအသင်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ မြေကွက်အမှတ် ၁၁၃၊ အမည်ပေါက် ဦးသန်းထွန်း၁၂/လကန(နိုင်)၀၀၉၀၉၆က ငွေသွင်းချလန် ပျောက်ဆုံးနေပြီး မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ပြုလုပ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အသိပေးနှိုးဆော်ခြင်း

အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)မှ အောက်ဖော်ပြပါဝန်ထမ်းများသည် တိုးမြှင့်ပင်စင်လစာခံစားရန် ယနေ့ထိ လာရောက်ဆက်သွယ်ခြင်းမရှိပါသဖြင့် အမြန်ဆုံးလာရောက်ဆက်သွယ်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

စဉ်	အမည်	ရာထူး	ပင်စင်အမျိုးအစား	ပင်စင်ခံစားခွင့်ပြုသည့်ရက်
၁။	ဦးတင်ဝင်း	ထုတ်/ကျွမ်း(၄)	သက်ပြည့်ပင်စင်	၁၀-၁၂-၁၉၉၄
၂။	နော်ပိုးကျိုး	ထုတ်/ကျွမ်း(၄)	သက်ပြည့်ပင်စင်	၅-၆-၁၉၈၀
၃။	ဦးတင်ဂေ(ခ) ဦးတင်စွာ	ထုတ်/ကျွမ်း(၄)	သက်ပြည့်ပင်စင်	၁-၄-၁၉၉၃
၄။	ဦးသိန်းအောင်	ဌာနခွဲစာရေး	နှစ်ပြည့်ပင်စင်	၁-၈-၁၉၇၆
၅။	ဒေါ်ရင်လှ	အတန်း(၂)	နာမကျန်းပင်စင်	၁၄-၁-၁၉၈၁
၆။	ဒေါ်အေးအေးသန်း	ကျွမ်းကျင်(၃)	နာမကျန်းပင်စင်	၁၄-၉-၂၀၀၅
၇။	ပီတာအောင်သွင်	အလုပ်ရုံစုမှူး	နာမကျန်းပင်စင်	၅-၁-၁၉၇၉
၈။	(ဦးတင်ဖေ) ဒေါ်လှလှကြည်(ခ)ဒေါ်ချို	ထုတ်/ကျွမ်း(၄)	မိသားစုပင်စင်	၂၉-၃-၁၉၉၇
၉။	(ဦးတင်ရွှေ) ဒေါ်အေးသန်း	အတန်း(၅)	မိသားစုပင်စင်	၁၀-၂-၁၉၉၁
၁၀။	(ဦးစိုး) ဒေါ်အေးသွယ်	အတန်း(၂)	မိသားစုပင်စင်	၁၂-၈-၁၉၇၆

ဆက်သွယ်ရန်
အမှတ်(၁)ဆေးဝါးစက်ရုံ (ရန်ကုန်)
စီမံခန့်ခွဲရေးဌာနကြီး
ဖုန်း-၀၁-၆၄၆၂၇၀၊ ၀၁-၆၄၆၂၆၉

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ကျိုက်ထိုမြို့နယ်တရားမရုံး၌
၂၀၁၃ခုနှစ်၊ တရားမကြီးအမှုအမှတ်(၁၂)

ဦးဇေယျာကျော်ကျော် — နှင့် — ဒေါ်ငွေကြည်

အောင်သပြေ(၂)လမ်း၊ ကံကော်ရပ်ကွက်၊ ကျိုက်ထိုမြို့ — သုံးခွပိုင်း၊ ဖက္ကလိပ်ကျေးရွာ၊ ကျိုက်ထိုမြို့နယ်

တရားလို — **တရားပြိုင်**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဖက္ကလိပ်ကျေးရွာ၊ သုံးခွပိုင်းတွင် နေထိုင်သူ တရားပြိုင် ဒေါ်ငွေကြည်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်ခြံမြေအား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ရေးချုပ်၍ လက်ရောက်အပ်ပေးစေလိုမှု(သို့မဟုတ်) ရောင်းကြေးငွေကျပ်၄၅သိန်းနှင့် နစ်နာကြေးငွေကျပ် ၁၀သိန်း၊ စုစုပေါင်း ကျပ်၅၅သိန်းရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၂၉ရက် (၁၃၇၄ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ် ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သန်းသန်းဌေး)
မြို့နယ်တရားသူကြီး၊ ကျိုက်ထိုမြို့နယ်တရားရုံး

မအေးတော့ဘူးလား ?
မှန်းသာဆက်လိုက်ပါ
အေးသွားစေရမယ်
သနိုင်းမှန်း ဇယားကွန်းဆားဗစ်
Ph-09 73206026 , 09 420131374

ကန့်ကွက်ရန်ကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စက်မှုဇုန်(၂)၊ မြေကွက်အမှတ် ၂ ၏ မူလအမည်ပေါက် ဦးမြင့်သောင်း AG-၃၁၀၂၀၀၊ ဒေါ်စိုးနွယ်နွယ် BR-၀၁၁၃၀၉ ထံမှ ဦးထွန်းဝင်း ၉/မရမ(နိုင်)၀၈၃၇၅၆က အပြီးအပိုင်ဝယ်ယူပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် မြေကွက်အမည်ပြောင်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက အထောက်အထားတင်ပြလျက် ၁၄ ရက်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ပါသည်။

ဂုဏ်ပူဇော်သဘင် ဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ မြို့မ(၂)ရပ်ကွက်၊ ထန်းတပင်လမ်း၊ ဇမ္ဗူထိပ်မဟာအတုလ ရွှေကျောင်းတိုက်ကြီး ပဓာနနာယကဖြစ်တော်မူသော ဘဒ္ဒန္တစန္ဒာသိရီဘိဝံသ (ပထမကျော်) သည် သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိသာသနဟိတအသင်းကြီးမှ ကြီးမှူးကျင်းပသော (၈၇)ကြိမ်မြောက် စာမေးပွဲကြီးတွင် ခုနစ်ဆင့်၊ ခုနစ်တန်းလုံးကို အပြီးတိုင်အောင်မြင်တော်မူပါသဖြင့် ၇-၃-၂၀၁၃ ရက်တွင် ယင်းအသင်းကြီးမှ ဆက်ကပ်အပ်သော ပိဋကတ္တယပါရဂူ ခံယူရရှိတော်မူပြီးဖြစ်ပါသည်။

ဒါယကာ၊ ဒါယိကာမအပေါင်းတို့ကလည်း ၃၁-၃-၂၀၁၃ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ထပ်ဆင့်ပြီး ဂုဏ်ပူဇော်သဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ စာသင်တပည့်များ၊ တပည့် ဒါယကာ၊ ဒါယိကာမများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညိုနိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန် - ဖုန်း-၀၁-၆၂၀၅၁၈၊ ဖုန်း-၀၉-၄၂၀၀၃၇၇၀၁၊ ဖုန်း-၀၉-၄၂၀၁၉၈၁၁၀
ဖုန်း-၀၉-၅၀၅၆၈၉၁ ဂုဏ်ပူဇော်သဘင်ဖြစ်မြောက်ရေးအဖွဲ့

အောင်ဓမ္မရိပ်သာ (သမိုင်း-မရမ်းခြံ)
ကျောင်းဆောင်ရေစက်ချပွဲ ဖိတ်ကြားခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ (သမိုင်းလမ်းဆုံအနီး) အောင်ဓမ္မရိပ်သာလမ်း၊ အောင်ဓမ္မရိပ်သာကြီးအတွင်းရှိ ဝိသာခါဆောင်နှင့် သီရိဆောင်များ ပြုပြင်ပြီးစီးပါသဖြင့် ပါဝင်လှူဒါန်းခဲ့ကြသော အလှူရှင်များ၏ စုပေါင်းရေစက်ချပွဲကို အောက်ပါနေ့ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် မပျက်မကွက်ကြွရောက်၍ အတူတကွ ရေစက်ချအနုမောဒနာ တရားနာယူနိုင်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက် (၃၁-၃-၂၀၁၃ ရက်၊ တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် - နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ

ပဋိပတ္တိသာသနာ့အကျိုးဆောင်အဖွဲ့
အောင်ဓမ္မရိပ်သာ(သမိုင်း-မရမ်းခြံ)
ဖုန်း-၀၁-၆၆၁၁၀၁

SKY RAY Travels & Tours
* [illegible] Mar-23;Apr-12,13
* [illegible] Mar-23;Apr-12,13
(Win Unity Hotel [illegible])
* [illegible] Apr-12,13
Tel : 09-421000523, 09-421000524, 09-448008610

နတ်တို့ချစ်ရာ ဒေသနာ (ခေါ်)
အိတ်ဆောင် မဟာသမယအသံထွက်
(မဟာသမယတစ်သုတ်တည်း)
တလုံးကြီး+မင်နီ+မင်နက် (၂) ရောင်၊ စာမျက်နှာ ၂၀၀ ခန့်၊
တမြို့မြို့ဆိုင်တိုင်းမှာ မေးဝယ်ပါ။ ရောင်းဈေး ၇၅၀/-
ပညာအလင်းပြစာပေ - Ph: 01-290927, 09-5028765
→ နယ်မှ ဝယ်မရပါက VPP မှာရန်လိပ်စာမှာ ←
တင်တင်အေးပိဋကတ်စာပေ၊ ၁၄/၄၁၊ တောင်ဘက်ဈေးတော်ရုံ၊ ရွှေတိဂုံဘုရားကြီးဈေး၊
ဒဂုံစာတိုက်၊ ရန်ကုန်မြို့။ ဖုန်း-01-383511- လိုင်းခွဲ-181/187။
→ နယ်သို့ VPP ပို့မှာ အလေးချိန်အနည်းအများလိုက်၍ ←
၁၀၀၀/-၊ ၁၅၀၀/-ခန့် ကျနိုင်ပါသည်။
→ မန္တလေး-ထွန်းဦးစာပေနှင့် နဂါးစာပေ ←

ဇင်ထရယ် အ.ထ.က (၁) ထသာဟိုစံပြမွှော်ရုံဖွင့်ပွဲအခမ်းအနား ဖိတ်ကြားလွှာ

အ. ထ. က (၁) လသာတွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဆရာဆရာမများ ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူများ ဘာသာရေးကိစ္စများဆောင်ရွက်နိုင်ရန်အတွက် အ. ထ. က (၁) လသာကျောင်းဝင်းအတွင်း၌ ၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ကျောင်းသားဟောင်းများမှ ဦးဆောင်၍ စေတနာရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် ဇင်ထရယ် အ. ထ. က (၁) လသာ ဗဟိုစံပြမွှော်ရုံကြီး အောင်မြင်စွာတည်ဆောက်ပြီးစီးပြီဖြစ်ပါသဖြင့် ဗဟိုစံပြမွှော်ရုံဖွင့်ပွဲအခမ်းအနားကို ၃၀. ၃. ၂၀၁၃ (တနင်္ဂနွေနေ့) နံနက် (၈း၀၀)နာရီမှ (၁၂း၀၀)နာရီအထိ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ချီးမြှင့်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်။

ဗဟိုစံပြမွှော်ရုံဖြစ်မြောက်ရေးအဖွဲ့

ရဟန်းရှင်လူ ပြည်သူအများ မျှော်လင့်နေတဲ့စာအုပ်
→ ယခုစတုတ္ထအကြိမ်ရိုက်တွင် ←
ထူးထူးခြားခြား ပြည့်ပြည့်စုံစုံ စီစဉ်လိုက်သော
ဘုရားအနေကဇာတင် နှင့်
အစိမ္မေယျဘုရားရှိခိုးကြီးစာအုပ် ရပြီ။
→ ယခင်အကြိမ်ရိုက်များတွင်မှ ←
ကျီးသဲလေးထပ်ဆရာတော်ကြီးက
စကားပြေနှင့် ရေးသားခဲ့သော ဘုရားရှိခိုးဖြစ်၍
မူရင်းပါဠိကို ကြည်ညိုလိုသူတို့ အကြံပေးချက်အရ
မူလပါဠိတော်ကို ရေးသားသော
အရှင်မဟာဗုဒ္ဓဃောသ ထေရုပ္ပတ္တိ
နှင့်
ထိုနမက္ကာရ ပကိဏ္ဏက ပါဠိတော်ဖြစ်လာအောင်
ဘုရားရှိခိုးရခြင်း၏ မူရင်းစာသားပါဠိတော်တို့ကို
ရှေးဆရာတော်ကြီးများ၏ အနုတ်နိဿယပါ ပူးတွဲ၍
အစအဆုံး ပြည့်စုံစွာ ပါရှိအောင် ထည့်သွင်း
ရိုက်နှိပ်ထားပါကြောင်း။ စာမျက်နှာ(၂၀၀)ပါရှိသည်။
နော်ဝေစက္ကူနှင့် ၇၅၀/- ဂုဖီးလ်စက္ကူနှင့် ၁၅၀၀/-
အမြို့မြို့ဆိုင်တိုင်းမှာ မေးဝယ်ပါ။
ပညာအလင်းပြစာပေ - Ph: 290927,095028765
→ ဝယ်မရပါက နယ်မှ VPP မှာရန် ←
တင်တင်အေးပိဋကတ်စာပေ၊ တောင်ဘက်ဈေးတော်ရုံ၊ ရွှေတိဂုံဘုရားကြီးဈေး၊
ရန်ကုန်မြို့။ ဖုန်း-၃၈၃၅၁၁၊ လိုင်းခွဲ-၁၈၁/၁၈၇
→ မန္တလေး-ထွန်းဦးစာပေနှင့် နဂါးစာပေ ←

သားနှင့်ချွေးမအဖြစ်မှ စွန့်လွှတ်ခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ သရက်တောအုပ်စု၊ ပိုးစာတောရွာနေ ဦးကျော်ဝင်း-ဒေါ်မြမြဝင်းတို့၏သား မောင်ရန်နောင်ဟိန်း ၉/တကန(နိုင်)၁၅၆၆၇၂-မအိသဇင်မြင့် ၈/ပခက(နိုင်) ၂၀၄၁၇၉ တို့သည် မိဘတို့အား သည်းမခံနိုင်အောင် ပြုမူစေသောကြောင့် အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးကျော်ဝင်း-ဒေါ်မြမြဝင်း
၉/တကန(နိုင်)၀၃၇၆၆၆၊ ၉/တကန(နိုင်)၀၃၇၆၉၆

လျှပ်စစ်အင်ဂျင်နီယာတိုင်း
လျှပ်စစ်ပညာဖြင့်အသက်မွေးနေကြသူတိုင်း
လျှပ်စစ်ပညာကိုဗဟုသုတအဖြစ်လိုက်စားနေကြသူတိုင်း
မရှိမဖြစ်လက်ကိုင်ထားရမည့်-
ဦးဖေသိန်း B. Sc. Engg. Electrical
အသက် (၈၀) ပြည့်အထိမ်းအမှတ်အဖြစ်
အထူးရေးသားထုတ်ဝေလိုက်သော
လျှပ်စစ်ပညာ
ဗဟုသုတပဒေသာ
လျှပ်စစ်စာပေ၊ ၁၉၂ သစ္စာလမ်းမကြီး၊ ရန်ကင်းမြို့နယ်
Ph. 01-561868, 577404, 09-50-19348 Ks. 2500

အမွေပြတ်စွန့်လွှတ်ခြင်း

မြင်းခြံမြို့နယ်၊ သစ်ရုံကျေးရွာအုပ်စု၊ သစ်ရုံကျေးရွာနေ ဦးလှဆောင်-ဒေါ်သန်းနွဲ့တို့၏သား၊ မောင်ဝင်းမော် ၉/မခန(နိုင်)၀၃၉၈၅၄ သည် မိဘများစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပြီး လူကြီးမိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအရ နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးလှဆောင် ၉/မခန(နိုင်)၀၃၉၈၅၁

ကြော်ငြာ

၂၀၁၃ ခုနှစ် ရဟန်းခံရှင်ပြုဇောတိကသင်္ကန်း၊ ပရိက္ခရာရှစ်ပါးဈေးနှုန်း

၃-နှစ်မှ ၆-နှစ် (ရှင်ငယ်)	အရပ်အမြင့် ၃-ပေ ၉-လက်မ(အောက်)	တက်ထည့် ဇိုင်ဇီ ၃-တောင်ထွာ × ၃-တောင်	အင်္ဂသံဃိတ်၊ ခါးပန်းကြိုး၊ ယပ်၊ ပရိက္ခရာရှစ်ပါးအပြီးနှုန်း	ကျပ် ၉၇၀၀
၇-နှစ်မှ ၉-နှစ် (ရှင်လတ်)	အရပ်အမြင့် ၄-ပေ(အောက်)	တက်ထည့် ဇိုင်ဇီ ၃-တောင်ထွာ	အင်္ဂသံဃိတ်၊ ခါးပန်းကြိုး၊ ယပ်၊ ပရိက္ခရာရှစ်ပါးအပြီးနှုန်း	ကျပ် ၁၀၂၀၀
၉-နှစ်မှ ၁၁-နှစ် (ရှင်လတ်)	အရပ်အမြင့် ၄-ပေ ၃-လက်မ(အောက်)	တက်ထည့် ဇိုင်ဇီ ၄-တောင် ၃-တောင်ထွာ	အင်္ဂသံဃိတ်၊ ခါးပန်းကြိုး၊ ယပ်၊ ပရိက္ခရာရှစ်ပါးအပြီးနှုန်း	ကျပ် ၁၀၇၀၀
၁၁-နှစ်မှ ၁၃-နှစ် (ရှင်ကြီး)	အရပ်အမြင့် ၄-ပေ ၆-လက်မ(အောက်)	တက်ထည့် ဇိုင်ဇီ ၄-တောင်	အင်္ဂသံဃိတ်၊ ခါးပန်းကြိုး၊ ယပ်၊ ပရိက္ခရာရှစ်ပါးအပြီးနှုန်း	ကျပ် ၁၁၂၀၀
၁၃-နှစ်မှ ၁၅-နှစ် (ရှင်ကြီးရယ်)	အရပ်အမြင့် ၄-ပေ ၉-လက်မ(အောက်)	တက်ထည့် ဇိုင်ဇီ ၄-တောင်ထွာ ၄-တောင်	အင်္ဂသံဃိတ်၊ ခါးပန်းကြိုး၊ ယပ်၊ ပရိက္ခရာရှစ်ပါးအပြီးနှုန်း	ကျပ် ၁၂၂၀၀
၁၅-နှစ်မှ ၁၈-နှစ် (ရှင်ကြီးဇော)	အရပ်အမြင့် ၅-ပေ ၂-လက်မ(အောက်)	တက်ထည့် ဇိုင်ဇီ ၅-တောင် ၄-တောင်ထွာ	အင်္ဂသံဃိတ်၊ ခါးပန်းကြိုး၊ ယပ်၊ ပရိက္ခရာရှစ်ပါးအပြီးနှုန်း	ကျပ် ၁၃၀၀၀

ရဟန်းတစ်ပါးအတွက် ကိုရီးယားဇိုင်ဇီနှီစုံသင်္ကန်း၊ ဒုကုဋ်၊ သပိတ်၊ ယပ်၊ ပရိက္ခရာရှစ်ပါးအပြီး ၂၄၉၀၀ ကျပ် (သင်္ကန်းအမျိုးအစားအလိုက် တန်ဘိုးအနိမ့်အမြင့် ပြောင်းလဲပါသည်။)

ရန်ကုန်မြို့ပေါ်ရှိဇောတိကသင်္ကန်း ပင်ရင်းအရောင်းဆိုင်များ www.zawtika.com

ဇောတိက(၁) [illegible]
ဇောတိက(၂) [illegible]
ဇောတိက(၃) [illegible]
ဇောတိက(၄) [illegible]
ဇောတိက(၅) [illegible]
ဇောတိက(၆) [illegible]
ဇောတိက(၇) [illegible]
ဇောတိက(၈) [illegible]
ဇောတိက(၉) [illegible]
ဇောတိက(ကျွင်းဘင်) [illegible]
ဇောတိက(မ/ဥက္ကလာ) [illegible]
ဇောတိက(ရွှေပြည်သာ) [illegible]
ဇောတိက(မြန်မာဘဏ်) [illegible] ဖုန်း ၀၁-၅၅၉၉၁၅

* အခြား မည်သည့်နေရာတွင်မှ ရောင်းချခြင်း မရှိပါ *

ရှစ်ရာတန်ဖြူဝေးရခြင်း၏ရည်ရွယ်ချက်

